ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (25-10-2007) (၅၄၈၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　အောက်တိုဘာ　　၂၅

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်—နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ နာရ်ဆူလ်တန်၊ အေ၊ နာဇာဗာယက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံး ကုလသမဂ္ဂကြီး၏ ဦးစီးညှိနှိုင်းမှုအောက်တွင် စုပေါင်းပံ့ပိုးဆောင်ရွက်

နေပြည်တော်　　အောက်တိုဘာ　　၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၃/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်)

နိုင်ငံတော်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

အတွင်းရေးမှူး(၁) ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(ကြေညာချက်အမှတ် ၄/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၄/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်)

အစိုးရအဖွဲ့ဝင် ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဦးအောင်ကြည်အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၅/၂၀၀၇)

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်
(၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးအဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁)	ဗိုလ်ချုပ်သိန်းဌေး	ကာကွယ်ရေးဝန်ကြီးဌာန
(၂)	ဗိုလ်ချုပ်ကျော်စွာခိုင်	အမှတ်(၂)စက်မှုဝန်ကြီးဌာန
(၃)	ဗိုလ်ချုပ်သိန်းထွန်း	ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သာသနာတော်ကို ညှိုးနွမ်းစေနိုင်

“အကောင်းရှိလျှင် အဆိုးကလည်း ရှိတတ်ပေရာ ရဟန်းသံဃာအချို့ (အနည်းစု)၏ ဝိနည်းသိက္ခာ ချိုးဖောက်မှု၊ လူမှု နယ်ပယ်၌ ပါဝင်နေမှု၊ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်၌ ပါဝင်နေမှုသည်ကား သာသနာတော်ကို ညှိုးနွမ်းစေနိုင်သဖြင့် ဒါယကာ၊ဒါယိကာမ ပြည်သူများ စိတ်မချမ်းမြေ့ ဖြစ်ရသည်”

ဖိုးရေချမ်း၏ “ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါမြူးကွန့် အစွန့်ရှည်စွာ တည်စေသော် (၃)” (ဆောင်းပါး)

စာမျက်နှာ–၈၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၁၀-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သန့်ရှင်းသောသောက်သုံးရေ ရရှိရေး နိုင်ငံတော်နှင့်အတူ ပြည်သူများ ပူးပေါင်းဖြည့်ဆည်း

သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်ရေးနှင့် စိုက်ပျိုး ရေးအတွက် ရေသည်မရှိမဖြစ် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်က လူဦးရေ အများစုနေထိုင်ရာ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်း နှစ်ရာကျော်ကို တည်ဆောက်ပေးထားပြီးဖြစ်ရာ လယ်ယာမြေများသို့ တစ်နှစ် ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်သည့်အပြင် ဒေသစိမ်းလန်း စိုပြည်ရေးကိုပါ အကျိုးပြုနေပြီဖြစ်သည်။

စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့သည် အပူပိုင်းဒေသ မိုးနည်းရေရှားရပ်ဝန်းများဖြစ်ရာ ယခင်ကာလများက သောက်သုံးရေ ရရှိရေး အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြ ရသည်။ ယခုအခါ နိုင်ငံတော်က ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက် ပေးလျက်ရှိသဖြင့် ရေခက်ခဲသော ကျေးရွာနှင့် ရေမလုံလောက်သော ကျေးရွာ ၈၀၄၂ ရွာရှိသည့်အနက် ၇၉၄၅ ရွာတွင် သန့်ရှင်းသော သောက်သုံး ရေ ရရှိနေပြီဖြစ်သည်။

ထိုနည်းတူ အခြားသော ပြည်နယ်နှင့်တိုင်းများတွင် ရေခက်ခဲ သော ကျေးရွာ တစ်သောင်းငါးထောင်ကျော် ရှိသည့် အနက် ကျေးရွာ ပေါင်း ကိုးထောင်ကျော်၌လည်း သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့ များကပါ ငွေကြေးသဒ္ဓါ တရားထက်သန်စွာ ပူးပေါင်းကူညီ လျက်ရှိရာ စစ်ကိုင်းတိုင်းရှိ ၂၁ မြို့နယ်၊ မကွေးတိုင်းရှိ ၁၅ မြို့နယ်နှင့် မန္တလေးတိုင်းရှိ ၁၉ မြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ကြပြီဖြစ်သည်။

ရေရှားပါးခက်ခဲသော ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိခြင်းဖြင့် ဒေသခံပြည်သူများအား ရောဂါဘယနှင့် လူမှုရေးဒုက္ခများမှ ကင်းဝေးစေမည်ဖြစ်ရာ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများက ဆက်လက်ကြိုးပမ်း ဖြည့်ဆည်းပေးခြင်းဖြင့် ကျေးလက်ဒေသများသန့်ရှင်း သော သောက်သုံးရေ ဖူလုံစွာ ရရှိသုံးစွဲနိုင်ကြမည် ဖြစ်ပါသည်။ ။

မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်ကျောင်း သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းလားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထို့နောက်တိုင်းမှူးနှင့် ဧည့်သည်တော်များသည် သင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် လူနေမှုဘဝ မြင့်မားလာစေရန်၊ နယ်စပ်ဒေသများ၌ စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရာတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းအမှတ်စဉ်(၃)တွင် အခြေခံအဆောက်အအုံ သင်တန်းသို့ သင်တန်းသား ခုနစ်ဦး၊ လျှပ်စစ်နှင့် ဂဟေသင်တန်းသို့ သင်တန်းသား ၁၀ဦး၊ စက်ပြင်သင်တန်းသို့ သင်တန်းသား၁၀ ဦး စုစုပေါင်း သင်တန်းသား ၂၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၄ ပတ် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်တန်းလက်တွေ့သုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အလုံမြို့နယ် အလုံလမ်း မီးရထားအရာရှိရိပ်သာနေ ဦးသောင်း-ဒေါ်သန်းမြင့် သားသမီးမြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဣန္ဒက (တော်ကူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၄

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂)၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၅၆) ကြိမ်မြောက် တရားစခန်းပွဲကို (သီတင်းကျွတ် လပြည့်ကျော် ၃ ရက်) အောက်တိုဘာ ၂၉ ရက် တနင်္လာနေ့ ညနေအရောက် ယောဂီများ လာကြရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

တွံတေးအရှင်ဣန္ဒက ဓမ္မပွဲစဉ်များ

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၅၁-ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက် ဆရာတော် တွံတေး အရှင်ဣန္ဒက(ဓမ္မကထိကဗဟုဇနဟိတ ဓရ) အရှင်သူမြတ်သည် ၁၃၆၉ ခု သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၆ ရက်)တွင် ဈရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံ မြောက်ဥက္ကလာပ၌ လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် (၆)ဝိုင်း ပဋ္ဌာနမာရုံ မြိတ်ကျောင်း တောင်ဥက္ကလာ မင်္ဂလဓမ္မာရုံ၌ လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် အောင်မြေလောကဓမ္မာရုံ တောင်ဥက္ကလာပ၌ လည်းကောင်း၊ ယင်းနေ့ညနေ ၃ နာရီတွင် သိရီမင်္ဂလာ မဟာစည်ရိပ်သာ မြောက်/ဒဂုံ၌လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ကြံခင်းကျောင်းတိုက် လှိုင်မြို့နယ် ဓမ္မသဘင်၊ အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မြစည်တော်မဟာရိပ်သာ စစ်ကိုင်းတိုင်း ကလေးမြို့တို့၌ ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်သည်။ (က-ပ)

ကွယ်လွန်သူ ဦးဗျန်စိန်အားရည်စူး၍ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဓမ္မာရုံလမ်းနေ ဒေါ်ရှုကြည် မိသားစုတို့က မဟာစည်သာသနာ့ရိပ်သာ၌ တည်ဆောက်လျက်ရှိသော မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းထိန်၊ တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးကျော်ဇောတို့လက်ခံရယူစဉ်။

(က-ပ)

ယခုအခါ ရာသီဥတုပြောင်းလဲမှုသည် သာမန်ပတ်ဝန်းကျင်ပြဿနာ မဟုတ်တော့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုတည်တံ့စေရန်မှာ အဓိကအကျဆုံးအပိုင်းတွင် ရှိလာ

☆ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ကမ္ဘာ့ကုလသမဂ္ဂတည်ထောင်သော (၆၂)နှစ်မြောက် ယနေ့အခါသမယတွင် မိမိတို့သည် အဖွဲ့ကြီးအား ဂုဏ်ပြု၍ အဖွဲ့အပေါ်ထားရှိသော ကျွန်ုပ်တို့၏ ကတိစကားများအား ပြန်လည်အတည်ပြုကြရန်ဖြစ်ပါသည်။

ကမ္ဘာ့ကွန်ရက်ယှက်နွယ်လျက်ရှိသော ယနေ့ခေတ်တွင် နိုင်ငံတို့သည် ပိုမိုဆက်စပ်လာကြသည်ဖြစ်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းဆောင်ရွက်ကြရန်မှာ အဓိကအရေးပါလာပါသည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က ကျင်းပခဲ့သော သမိုင်းဝင် ထောင်စုနှစ် ထိပ်သီးညီလာခံ၌ ကုလသမဂ္ဂ ထောင်စုနှစ်ကြေညာစာတမ်းကို တူညီဆန္ဒဖြင့် ချမှတ်ခဲ့ကြသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါး ရှိပြီဖြစ်ပါသည်။ အဆိုပါ ထောင်စုနှစ်ရည်မှန်းချက်များတွင် ဆင်းရဲနွမ်းပါးလွန်းမှုနှင့် ငတ်မွတ်မှု၊ ကမ္ဘာတစ်ဝန်း အခြေခံပညာရေး သင်ယူရရှိမှု၊ အမျိုးသား၊ အမျိုးသမီး တန်းတူညီတူရှိမှုနှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးမှု၊ မွေးကင်းစ ကလေးသေဆုံးမှု လျော့ပါးစေမှုနှင့် မိခင်များ ကျန်းမာရေးတိုးတက်ကောင်းမွန်စေမှု၊ HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ တိုက်ဖျက်မှု၊ ပတ်ဝန်းကျင် တည်တံ့ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာတစ်ဝန်း လက်တွဲဆောင်ရွက်မှု စသည်တို့ ပါဝင်ပါသည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှုသည် သာမန်ပတ်ဝန်းကျင်ပြဿနာမဟုတ်တော့ဘဲ ကမ္ဘာ့လုံခြုံရေးကိုပါ ထိပါးလာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု တည်တံ့စေရန်မှာ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များတွင် အဓိကအကျဆုံးအပိုင်းတွင် ရှိလာပြီဖြစ်ပါသည်။

ကျွန်ုပ်တို့ ယခုရင်ဆိုင်ရတော့မည့်အခြေအနေများသည် စိုးရိမ်ထိတ်လန့်ဖွယ်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြောကြားခဲ့ပါသည်။ ရေစွမ်းအင်၊ စိုက်ပျိုးနိုင်သော မြေ စသည့် သယံဇာတရှားပါးမှုသည် စည်းမျဉ်းဥပဒေများ ချိုးဖောက်ခြင်းမှသည် ပဋိပက္ခဖြစ်ခြင်းများအထိပင် ရောက်ရှိရင်ဆိုင်ရဖွယ်ရှိကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဤအဖြစ်သို့ မရောက်ရှိအောင် ကြိုတင်ဆောင်ရွက်ရန် သတိပေးပြောကြားခဲ့ပါသည်။ တစ်နေ့တခြား ဖောက်ပြားလာသော ရာသီဥတုသည် အခြေခံပတ်ဝန်းကျင်ပြဿနာ သို့မဟုတ် စီးပွားရေးပြဿနာအဆင့်မဟုတ်တော့ဘဲ ယခု နှစ်နှစ်ကျော်ကာလအတွင်း၌ အန္တရာယ်များသည် ပိုမိုထင်ရှား နက်ရှိုင်းလာပြီဖြစ်ပါသည်။

ကျွန်ုပ်တို့စိုးရိမ်နေသော လက်တွေ့ရင်ဆိုင်ရမည့် ထိပါးသက်ရောက်မှုအခြေအနေများကို သိပ္ပံအတတ်ပညာပိုင်းမှ သက်သေများလည်း ရရှိလာပြီဖြစ်ပါသည်။ သယံဇာတ ခန်းခြောက်လုနီးပါးအခြေအနေသို့ ရောက်ရှိနေသည်ဖြစ်ရာ မကြာမီတွင် ဒုတိယကမ္ဘာစစ်ပြီးချိန်ကတည်းက မကြုံတွေ့ခဲ့ရသော စီးပွားရေးဖောက်ပြားမှုများကို တွေ့ရှိရတော့မည့်အထိဖြစ်ပါသည်။

ယခုအကြောင်းအရာများသည် အမျိုးသားရေးလုံခြုံရေးကိစ္စသာမကတော့ဘဲ တစ်နေ့တခြား အပြန်အလှန်မှီတင်းလာသော ခိုင်မာမှုမရှိသည့် ကမ္ဘာကြီး၏ စုပေါင်းလုံခြုံရေးကိစ္စဖြစ်လာပါသည်။ ဘေးအန္တရာယ်တစ်ခုဖြစ်လာလျှင်လည်း အကာအကွယ်မဲ့သော ခုခံတွန်းလှန်နိုင်သည့် အားအနည်းဆုံးသောသူများသာ အများဆုံး ထိခိုက်နစ်နာမည်မှာ ဝမ်းနည်းဖွယ်ရာအချက် အမှန်ပင်ဖြစ်ပါသည်။ ယခုရာစုနှစ်အကုန်တွင် မိမိဆန္ဒအရသော်လည်းကောင်း၊ လိုအပ်ချက်အရသော်လည်းကောင်း မိမိအိုးအိမ်စွန့်၍ ပြောင်းရွှေ့သော ပတ်ဝန်းကျင်ဒုက္ခသည် သန်း ၅၀ခန့် ရှိလာနိုင်သည်ဟု အချို့သုတေသီများက ခန့်မှန်းကြပါသည်။

ဤကမ္ဘာလုံးဆိုင်ရာ ပြဿနာများ ကျော်လွှားနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးသည် မိမိတို့၏ ဒေသတွင်း သို့မဟုတ် နှစ်နိုင်ငံ ချင်း ငြင်းဆိုနေမှုများမှ သွေဖည်၍ ကမ္ဘာ့ကုလသမဂ္ဂကြီး၏ ဦးစီးညှိနှိုင်းမှုအောက်တွင် စုပေါင်းပံ့ပိုး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

(၆၂)နှစ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ နေ့ထူးနေ့မြတ်အခါသမယတွင် ကုလသမဂ္ဂအဖွဲ့ကြီးအား ကြီးငယ်မဟူ ပြဿနာများမှ အောင်မြင် ကျော်လွှားနိုင်စေရန် မိမိတို့နိုင်ငံက ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားအပ်ပါသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာဇက်စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ

ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျရောက်သော ကာဇက်စတန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကာဇက်စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကာရင် မာစီမော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကာဇက်စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၅

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျရောက်သော ကာဇက်စတန် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကာဇက်စတန် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မာရတ် တာဇင့်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကပုံနှိပ်ထုတ်ဝေသော ၂၀၀၈ ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ အဆိုပါရုံးသုံးပြက္ခဒိန်ကို စက္ကူ(ဖြူချော)တစ်စောင်လျှင် ကျပ် ၅၀၀၊ (ရိုးရိုး)တစ်စောင်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် ဌာနဆိုင်ရာများသို့ ဖြန့်ချိရောင်းချသည်။ ၂၀၀၈ခုနှစ် ရုံးသုံးပြက္ခဒိန်ဝယ်ယူလိုသော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များသည် ဝယ်ယူလိုသောစောင်ရေကို အမှာစာ၊ ကိုယ်စားလှယ်လွှဲစာနှင့်အတူ စာပေဗိမာန်အရောင်းဌာန၊ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ ဆက်သွယ်၍ ကျသင့်ငွေကို မျဉ်းသားချက်(သို့) ငွေသားဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

တစ်ဦးချင်းလက်လီဝယ်ယူလိုပါက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းမှုများလိုအပ် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များဖြည့်ဆည်းရေး ကြိုးပမ်းအားထုတ်မှုကို နှစ်ဆမြှင့်တင်

နေပြည်တော် အောက်တိုဘာ ၂၄

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

နိုင်ငံပေါင်းစုံ ဆက်သွယ်ညှိနှိုင်းမှုဝါဒသည်သာ အပြန်အလှန် မှီတွယ်ကာ ယှက်နွယ်စပ်မှုများလာသော ကမ္ဘာကြီးအတွက် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ကြောင်း ပြည်သူများ၊ အစိုးရများက ပိုမိုနားလည် သဘောပေါက်လာကြသဖြင့် ကမ္ဘာကြီးသည် ကုလသမဂ္ဂဘက်သို့ လိုက်ပါပြောင်းလဲလာပါသည်။ ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းမှုများလိုအပ်ပြီး ထိုသို့ဖြေရှင်းရာ၌ တစ်ကိုယ်တော်ဖြေရှင်းသည့်နည်းကို ရွေးချယ်ကျင့်သုံးရန် မဖြစ်နိုင်ပါ။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးရေး သို့မဟုတ် လူ့အခွင့်အရေး မည်သည့်အကြောင်းကိုပြောသည်ဖြစ်စေ ကုလသမဂ္ဂအပေါ် တောင်းဆိုမှုများသည် နေ့စဉ် တိုးပွားလျက်ရှိနေပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျွန်ုပ်တို့၏ ခေတ်ကာလ လတ်တလောကိစ္စများ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ရရှိခဲ့ပြီး အောင်မြင်မှုများအပေါ် အခြေပြုကာ တိုးတက်မှုသေချာပေါက်ရရှိစေရန် ကျွန်ုပ် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ဆိုလိုသည်မှာ ပဋိပက္ခကာကွယ်ရေး၊ ငြိမ်းချမ်းမှုကြိုးပမ်းရေး၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေး နယ်ပယ်များတွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို အပြည့်အဝ ဆောင်ရွက်နိုင်ရေးအတွက် အားသစ်လောင်းမည်ဖြစ်ပါသည်။ လက်နက်ဖျက်သိမ်းရေးနှင့် လက်နက်မပြန့်ပွားရေးအတွက် ပိုမိုတက်ကြွစွာ ကြိုးစားအားထုတ်ကြမည်ဟုလည်း ဆိုလိုရာရောက်ပါသည်။

တစ်ချိန်တည်း၌ပင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ ဖြည့်ဆည်းရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို နှစ်ဆမြှင့်တင်ကြရပါမည်။ အထူးသဖြင့် အာဖရိကဒေသ၌ ဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံရေးဆန္ဒ စုစည်းရန် ကျွန်ုပ် ရှာဖွေလုပ်ဆောင်ကာ အကူအညီရရှိရေး၊ ကုန်သွယ်ရေး၊ ကြွေးမြီလျှော့ချရေးနှင့်ပတ်သက်၍ နိုင်ငံ့ခေါင်းဆောင်များ ကတိကဝတ်ပြုထားသည့်အတိုင်း ဆောင်ရွက်ကြရန် ကျွန်ုပ် စောင့်ကြပ်ပေးပါမည်။

ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ကမ္ဘာနှင့်ချီ၍ ပြတ်ပြတ်သားသား လုပ်ဆောင်မှုများ ပေါ်ပေါက်လာရေးကိုလည်း ကျွန်ုပ်တို့ ဆက်လက်လှုံ့ဆော်အားထုတ်ပါမည်။ လွန်ခဲ့သောလက ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ပြင်ပဆွေးနွေးပွဲများတွင် တွေ့ခဲ့ရသော အဆင့်မြင့် ဆွေးနွေးမှုများကဲ့သို့ပင် လတ်တလောပေါ်ပေါက်နေသော ကိစ္စများနှင့်ပတ်သက်၍ အများသဘောတူညီမှုရရှိရေးအတွက် ကုလသမဂ္ဂသည် သဘောတူညီမှု ညှိနှိုင်းတည်ဆောက်ရန် သဘာဝကျသော နေရာတစ်ရပ်ဖြစ်ပါသည်။ တက်ရောက်ခဲ့သော ခေါင်းဆောင်များက ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်သဘောတူညီချက်အောက်တွင် ဒီဇင်ဘာလ၌ကျင်းပမည့် ဘာလီ စေ့စပ်ညှိနှိုင်းပွဲသို့ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား အမှာစကား ပြောခဲ့ကြပြီးဖြစ်ပါသည်။ ထိုအမှာစကားမှာ သာမန်လုပ်ရိုးလုပ်စဉ်မဟုတ်၊ ရလဒ်တစ်စုံတစ်ရာ ထွက်ပေါ်ရန် စက်မှုနိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများပါ အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သည်ဟူ၍ဖြစ်ပါသည်။ ပစ္စုပ္ပန်နှင့်အနာဂတ် မျိုးဆက်အတွက် ရာသီဥတုကို ကာကွယ်စောင့်ရှောက်ခြင်းသည် အားလုံး၏ ဘုံအကျိုးစီးပွားအတွက်ဖြစ်သည်။

အကယ်၍ ကုလသမဂ္ဂ၏လုပ်ငန်းစဉ်များတွင် လုံခြုံရေးနှင့်ဖွံ့ဖြိုးရေးသည် အခြေခံအုတ်မြစ်နှစ်ခုဖြစ်သည်ဟုဆိုလျှင် တတိယအုတ်မြစ်မှာ လူ့အခွင့်အရေးဖြစ်သည်။ လူမျိုးစုများအား မျိုးတုံးသတ်ဖြတ်မှု၊ လူမျိုးတုံးရှင်းလင်းမှု၊ လူသားတစ်ရပ်လုံးနှင့်ဆိုင်သော ရာဇဝတ်မှုများနှင့် ကြုံတွေ့သည့်အခါ အချိန်မီ ဝင်ရောက်ဆောင်ရွက်နိုင်ရန်အတွက် “ကာကွယ်စောင့်ရှောက်ရေးတာဝန်”ကို ဝေါဟာရအဖြစ်မှ လက်တွေ့အဖြစ်သို့ ပြောင်းရွှေ့ရန် အဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

နောက်ဆုံးအနေဖြင့် ကုလသမဂ္ဂကိုယ်တိုင်ကိုလည်း ကျွန်ုပ်တို့ ပြောင်းလဲပစ်ရပါမည်။ အဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်သူများအား ကျွန်ုပ်တို့က အပြည့်အဝ တာဝန်ယူကြောင်း ပြသရန် လိုအင်ဆန္ဒအသစ်များ ဖြည့်ဆည်းရေး၊ ကိုယ်ကျင့်တရား၊ သိက္ခာသမာဓိနှင့် တာဝန်ယူမှုရှိရေးတို့အတွက် ပြုပြင်ပြောင်းလဲရပါမည်။

ယနေ့ ကျွန်ုပ်တို့လုပ်သော လုပ်ရပ်များ၏ ရလဒ်များအပေါ် မူတည်ကာ အနာဂတ်တွင် ကျွန်ုပ်တို့ ဆုံးဖြတ်ကြပါမည်။ ဤကုလသမဂ္ဂနေ့၌ ထိုရည်မှန်းချက်များရရှိရေးအတွက် ကျွန်ုပ်တို့ ထပ်လောင်း သန္နိဋ္ဌာန်ချ အားထုတ်ကြပါစို့။ (သတင်းစဉ်)

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

တရုတ်ကွန်မြူနစ်ပါတီနိုင်ငံရေးဗျူရို အဖွဲ့ဝင်များအဖြစ် ဟူကျင်တောင်နှင့် လေးဦး ပြန်လည်ရွေးချယ်ခံရ

ပေကျင်း အောက်တိုဘာ ၂၄

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင်များအဖြစ် ဟူကျင်တောင်၊ ဝူဘန်းကို၊ ဝမ်ကြားပေါင်၊ ကြားကျွင်လင်းနှင့် လီချန်ချွန်းတို့ ပြန်လည် ရွေးချယ်တင်မြှောက်ခံရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

(၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို တနင်္လာနေ့က ကျင်းပရာ၌ ဖော်ပြပါပုဂ္ဂိုလ်ငါးဦးကို အဖွဲ့ဝင်ကိုးဦးပါ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်များအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းဖြစ်သည်။

အဆိုပါ ပုဂ္ဂိုလ်ငါးဦးသည် ၂၀၀၂ ခုနှစ်မှစ၍ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီတွင်ငါးနှစ်သက်တမ်း တာဝန်ထမ်းရွက်ခဲ့ကြပြီးဖြစ်သည်။

ဆက်ခံ

ဟူကျင်တောင်သည် ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ပါတီညီလာခံ၌ ပါတီခေါင်းဆောင်အဖြစ် ကျန်ဇီမင်း၏ အရိုက်အရာကို ဆက်ခံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် (၁၇) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းရင်းသားကိုယ်စားလှယ်များအား တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲ ဟူကျင်တောင် အောက်တိုဘာ ၂၂ ရက်က နှုတ်ဆက်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်မြောက်ပိုင်း၌ အမေရိကန်ရဟတ်ယာဉ်မှ ပစ်ခတ် ၁၆ ဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရ

တီကရစ်(အီရတ်) အောက်တိုဘာ ၂၄

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အောက်တိုဘာ၂၃ရက်က အမေရိကန်ရဟတ်ယာဉ်မှ ပစ်ခတ်မှုကြောင့် လူ၁၆ဦး သေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်းကီလိုမီတာ ၁၅၀အကွာ ဒီဂျလာမြို့ကျေးလက်ဒေသတွင် အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက အမေရိကန်ရဟတ်ယာဉ်က နေအိမ်တစ်လုံးကို ပစ်ခတ်ရာမှ အမျိုးသမီးခုနစ်ဦး၊ ကလေးသုံးဦးအပါအဝင် လူ၁၆ဦးသေဆုံးကာ ၁၄ဦး ဒဏ်ရာရရှိသည်ဟု ဆာလာဟူဒင်ပြည်နယ် ဒုတိယရဲချုပ် ဗိုလ်မှူးချုပ်ဂျာဆမ်မူဟာမက်က ပြောကြားသည်။

အမေရိကန် ရဟတ်ယာဉ်သည် ပထမဆုံးလယ်သမားသုံးဦးကို ပစ်ခတ်ခဲ့သည်။ ၎င်းတို့သည် ဒီဂျလာမြို့၌ နံနက်ပိုင်းတွင် ဆည်ရေသွင်းယူနေစဉ် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း မိုဟာမက်က ဆင်ဟွာသို့ပြောကြားသည်။

၎င်းတို့ကိုနီးစပ်ရာအိမ်သို့ခေါ်ဆောင်သွားပြီး မိသားစုဝင်များသည် အဆိုပါအိမ်သို့ ရောက်ရှိလာသည်။ သို့သော် အမေရိကန်ရဟတ်ယာဉ်များသည်ထပ်မံလာရောက် ပစ်ခတ်မှုကြောင့် အိမ်ပျက်စီးသွားပြီး သေဆုံးဒဏ်ရာရသူ၃၀ခန့်ရှိခဲ့သည်ဟု မူဟာမက်က ပြောကြားသည်။

ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ အမေရိကန်တပ်ဖွဲ့က အတည်ပြုချက် တစ်စုံ တစ်ရာ ထုတ်ပြန်ခြင်းမရှိဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုင်အမ်အက်ဖ်နှင့်ကမ္ဘာ့ဘဏ် ပူးတွဲအစည်းအဝေးကျင်းပစဉ် ဆန္ဒပြသူနှစ်ဦးကို ဝါရှင်တန် ရဲတပ်ဖွဲ့ဖမ်းဆီး

ဝါရှင်တန် အောက်တိုဘာ ၂၄

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ဘဏ်တို့၏ ပူးတွဲအစည်းအဝေး ကျင်းပချိန်အတွင်း ကန့်ကွက်ဆန္ဒပြသူနှစ်ဦး အဖမ်းခံရကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဓိကရဏ်းဖြစ်အောင် ဖန်တီးသည့် ဆန္ဒပြသူနှစ်ဦးကို မိမိတို့ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒီဂျေဂျက်ဆင်က ပြောကြားသည်။

ဝါရှင်တန်ရှိ အိမ်ဖြူတော်၊ အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ဘဏ်ဌာနချုပ်ရုံးများ တည်ရာအရပ်တွင် နောက်ထပ်ဆန္ဒပြပွဲများ ပြုလုပ်ရန် စီစဉ်ထားသဖြင့် ရဲတပ်ဖွဲ့ဝင်အများအပြားကို ဖြန့်ကြက်ထားပြီး လမ်းအချို့ကို ပိတ်ထားရကြောင်း ဂျက်ဆင်က ပြောကြားသည်။

တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပမည့် အိုင်အမ်အက်ဖ်နှင့် ကမ္ဘာ့ဘဏ် ပူးတွဲအစည်းအဝေးသို့ ဘဏ္ဍာရေး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြောက်ပိုင်း၌ ဖောက်ခွဲရေးပစ္စည်းများတွေ့ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် သိုဝှက်ထားသော ဖောက်ခွဲရေးပစ္စည်း ၁၉ တန်နီးပါးကို အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများကို တစ်နေရာတည်းတွင် အများဆုံး တွေ့ရှိရခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်က အောက်တိုဘာ ၂၀ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက် အနောက်မြောက်ဘက် ကီလိုမီတာ ၃၀အကွာ တာမီယာမြို့တွင် သိုဝှက်ထားသော ဖောက်ခွဲရေးပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၄

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တောင်ဘက် ကီလိုမီတာ ၇၀ အကွာ အယ်လ်-ဟောဝီဂျာဒေသတွင် စနေနေ့က အီရတ်တပ်ဖွဲ့ ကင်းလှည့်ယာဉ်ဖြတ်သန်းစဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် တပ်ဖွဲ့ ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ကယ်ကွတ်မြို့လယ်တွင် ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ်ဖြတ်သွားစဉ် နောက်ထပ်လမ်းဘေး ဗုံးပေါက်ကွဲခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိပြီး ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ် ပျက်စီးခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ စပါးစိုက်ခင်းများကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မနီလာမြို့ ဈေးရုံတန်း၌ ဗုံးပေါက်ကွဲမှု စုံစမ်းစစ်ဆေး

မနီလာ အောက်တိုဘာ ၂၄

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာရှိ ကုန်ပဒေသာဈေးရုံတန်းတွင် သောကြာနေ့က ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ကင်မရာမှတ်တမ်းမှတစ်ဆင့် ဗုံးဖောက်ခွဲသူကို ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဂလိုရီယက်တာ အဆင့်မြင့်ဈေးရုံတန်းတွင် ဗုံးဖောက်ခွဲခဲ့ရာ ကိုးဦးသေဆုံးပြီး လူ ၁၂၀ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူအားလုံး ဆေးဝါးကုသခဲ့ပြီးနောက် ဆေးရုံမှ ဆင်းခဲ့ကြသည်ဟု ရဲနှင့်ဆေးရုံသတင်းအရ သိရှိရသည်။

ဂလိုရီယက်တာဈေးရုံတန်း၏ မြေအောက်ခန်းမှ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး သုံးထပ်မြောက်ရှိ စတိုးဆိုင်များ၊ ဖက်ရှင်အလှပြင်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အခြား ဈေးဆိုင်များနှင့် ရုပ်ရှင်ရုံများ ပျက်စီးခဲ့ရသည်။

ယင်းဈေးရုံတန်းအနီးရှိ ဟိုတယ်များကို ပိတ်ခဲ့ရသည်။ မြေအောက်ခန်းမှ ဗုံးပေါက်ကွဲခြင်းဖြစ်မည်ဟု ဗုံးပညာရှင် ဗိုလ်မှူး ရေနိုးရိုဆာရိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့အလယ်ပိုင်းကိစ္စ အမေရိကန်က အပြောနှင့်လက်တွေ့ ညီညွတ်ရန်လိုကြောင်း ပါလက်စတိုင်းပြောကြား

ရာမာလာ အောက်တိုဘာ ၂၄

အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးရရှိရေးနှင့်ဆက်နွယ်၍ အမေရိကန်က အပြောနှင့်မဟုတ်၊ လက်တွေ့ဆောင်ရွက်ရန်လိုကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘာစ်၏ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အပြောကို လက်တွေ့လုပ်ရပ်အဖြစ် ပြောင်းလဲနိုင်ရေးအတွက် အမေရိကန်အနေဖြင့် ရှင်းလင်းပြတ်သားသည့် ပူးတွဲသဘောတူညီချက် သို့တည်းမဟုတ် ပူးတွဲကြေညာချက်ရရှိရန် အစ္စရေးအစိုးရအပေါ် ဖိအားပေးသင့်ကြောင်း နာဘီရူဒင်နီက ရာမာလာတွင် သတင်းထောက်များသို့ ပြောကြားသည်။

အဆိုပါ သဘောတူညီချက်တွင် ဂျေရုဆလင်ကိစ္စ၊ ဒုက္ခသည်များ ပြန်လာနိုင်ရေး၊ ရဟူဒီအိမ်ရာတည်ထောင်မှုနှင့် ပါလက်စတိုင်းနိုင်ငံ၏ နယ်စပ် ပြဿနာစသည်တို့ ပါဝင်သည့် အဓိကကျသော ပြဿနာများနှင့် ဆွေးနွေးပွဲများ စတင်မည့် တိကျသည့်ရက်စွဲပါဝင်ရန် လိုအပ်သည်မှာ ၎င်းကပြောကြားသည်။

ပါလက်စတိုင်းများ၏ တောင်းဆိုချက်များ လက်ခံစေရန်အတွက် အမေရိကန်က ရှိသမျှ ဩဇာကိုအသုံးပြု၍ အစ္စရေးအစိုးရအပေါ် တွန်းအားပေးသွားရန် လိုအပ်သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိန့်ခွန်း ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့ ထောင်စုနှစ် ရည်မှန်းချက်များနှင့်အညီ သဘာဝသယံဇာတများ ရေရှည်တည်တံ့အောင် ထုတ်လုပ်သုံးစွဲမှုကိုအခြေပြုသော အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ ကျင့်သုံးနေ

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အစိုးရ ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petrie ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နှစ်စဉ်ပုံမှန်အစဉ်အလာကောင်းများနှင့်အညီ ယခုနှစ်တွင် ကျရောက်လာသော (၆၂)နှစ်မြောက် ကမ္ဘာ့ကုလသမဂ္ဂနေ့ အခမ်းအနားကို အဆွေတော်တို့နှင့်အတူ အစဉ်အလာမပျက် သိုက်မြိုက်ခမ်းနားစွာ ကျင်းပဆင်နွှဲရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်းကို ပထမဦးစွာ ပြောကြားလိုပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် မိမိ၏သက်တမ်း (၆၂)နှစ်တာကာလအတွင်းတွင် အဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ မွန်မြတ်ပြည့်စုံလှသည့် ရည်မှန်းချက်များနှင့် အခြေခံမူများဖြစ်သော နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများကို ဖြေရှင်းရာ၌ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်ဆိုသည့် မဏ္ဍိုင်ကြီးများကို ခိုင်ခိုင်မြဲမြဲထိန်းသိမ်းစောင့်ရှောက်ရင်း ကမ္ဘာ့နိုင်ငံအသီးသီးကို သမာသမတ်ကျစွာ ဦးဆောင်စည်းရုံး ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် မိမိ၏ မွန်မြတ်သည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး တန်းတူရည်တူရှိမှု၊ အချုပ်အခြာအာဏာပိုင်မှု အနှစ်သာရကိုသာ အလေးအနက်ထားပြီး နိုင်ငံကြီးသည်၊ငယ်သည်မရွေး နိုင်ငံအားလုံး၏ပူးပေါင်းဆောင်ရွက်မှုကို ရယူဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံလွတ်လပ်ရေးရပြီးနောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည့်အချိန်ကစပြီး ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံပီသစွာ နိုင်ငံတကာအရေးအရာများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများတွင် စိတ်ရင်းနှလုံးကောင်းဖြင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လာခဲ့ပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အတည်ပြု ပြောကြားလိုကြောင်း။

ယခု ၂၀၀၇ခုနှစ်တွင် မိမိတို့ မြန်မာနိုင်ငံ၏သမိုင်းတွင် ထူးခြားသောနှစ်ဟု ဆိုနိုင်ပါကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဦးတည်ချမှတ်ထားသည့် မြန်မာနိုင်ငံရေး လမ်းပြမြေပုံ (၇)ချက်တွင် ပထမအချက်ဖြစ်သည့် အမျိုးသားညီလာခံသည် စက်တင်ဘာ ၃ရက်တွင် အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားနယ်ပယ်စုံ၊ အလွှာစုံတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံနှင့်တကွ အခြေခံဥပဒေသစ်ရေးဆွဲရေး အစီအမံများသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ၏တစ်ခဲနက်ထောက်ခံချက်ဖြင့် အရှိန်အဟုန်ရရှိနေပြီဖြစ်သည်နှင့်အညီ ကျန်လုပ်ငန်းစဉ်များကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားနိုင်တော့မည့် အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်ခဲ့သည်နှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စတင်ဖြစ်ခဲ့သည့် ၁၉၄၈ခုနှစ်ကတည်းကစပြီး မြန်မာနိုင်ငံအတွင်း လုပ်ငန်းများလာရောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၀ခုသည် မြန်မာနိုင်ငံအတွင်း ဌာနေရုံးများဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့်အပြင် ယခုနှစ်တွင် ကုလသမဂ္ဂရုံးခွဲတစ်ခုဖြစ်သော ကုလသမဂ္ဂစီမံကိန်းများ ဝန်ဆောင်မှုရုံးကိုလည်း ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယင်းတို့သည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာနေမှုကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အစဉ်အလာမပျက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အလျောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင်ဂမ်ဘာရီသည် မြန်မာနိုင်ငံကို သုံးကြိမ်တိုင်တိုင် လာရောက်ခဲ့ကြောင်း၊ အလားတူပင် အခြားအဆင့်မြင့် ကုလသမဂ္ဂကိုယ်စားလှယ်များဖြစ်ကြသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးဖြစ်သူတို့သည်လည်း ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မျက်မှောက်ကာလ ကမ္ဘာ့အရေးအရာကိစ္စများတွင်လည်း ကမ္ဘာ့ကုလသမဂ္ဂ မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီသစွာ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အတူ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် အဓိကအချက်တစ်ရပ်ဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းမှု အရှည်တည်တံ့ရေးသည် လူသားများအတွက် အလွန်အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း၊ ယခုအခါ ဖန်လုံအိမ်အာနိသင်ကြောင့် ရာသီဥတု တစ်ဟုန်ထိုးပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုတို့ကို ထိတ်လန့်ဖွယ်ရာကြုံတွေ့နေရကြောင်း၊ ယခုအခါတွင် သဘာဝဘေးအန္တရာယ်များ၏ ဖြစ်ပွားမှုနှုန်းသည် ပိုမိုစိပ်လာသည့်အပြင် မြို့ပြနေရာစုများ လျင်မြန်စွာ ပေါ်ထွန်းမှုနှင့် လူဦးရေ အလွန်အမင်း တိုးပွားလာမှုတို့ကြောင့် ဘေးအန္တရာယ်တစ်ခုဖြစ်ပွားသည့်အခါတိုင်းတွင် အသက်အန္တရာယ်ရှိနိုင်သည့် လူအရေအတွက်ပမာဏသည်လည်း ပိုမိုများပြားလာလျက်ရှိကြောင်း။

ကမ္ဘာကြီးပူနွေးလာမှုအတွက် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများသည် တာဝန်အကင်းဆုံးဖြစ်သော်လည်း ဤဖြစ်ရပ်၏ဆိုးကျိုးဖြစ်သည့် ထိခိုက်သေဆုံးမှုများနှင့် စီးပွားရေးပျက်ပြားမှု အန္တရာယ်နှစ်မျိုးလုံးကိုမူ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများက အများဆုံးခံစားရလျက်ရှိကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံသက်ရောက်လျက် ရှိသော်လည်း အကျိုးသက်ရောက်မှုတွင်မူ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားလျက်ရှိကြောင်း၊ ချမ်းသာကြွယ်ဝသည့် နိုင်ငံများအနေဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်သည့်အတတ်ပညာနှင့် အရင်းအမြစ်များ ရှိကြသော်လည်း ဖွံ့ဖြိုးဆဲ အဆင်းရဲဆုံးနိုင်ငံများတွင် ဘေးအန္တရာယ်များကို ကာကွယ်နိုင်မှု၌ ပင်ကိုကပင် အားနည်းသည့်အပြင် ပြည်ပကြွေးမြီများ၊ နှောင်ကြိုးပါသည့် အထောက်အပံ့များ၏ ဖိစီးမှုများကိုလည်း ခံစားနေရလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များနှင့်အညီ သဘာဝသယံဇာတများ ရေရှည်တည်တံ့အောင် ထုတ်လုပ်သုံးစွဲမှုကို အခြေပြုသော အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အရှည်တည်တံ့စေရေးအတွက် ၁၉၉၅ ခုနှစ်ကပင် သစ်တောမူဝါဒကို ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံ နယ်မြေဧရိယာ ၅၂ ရာခိုင်နှုန်းခန့် လွှမ်းခြုံနေသည့် သစ်တောများ ထိန်းသိမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တကျသစ်ခုတ်လှဲသောစနစ်ကို ကျင့်သုံးသည့်အတွက် ကြိုးဝိုင်းသစ်တောဧရိယာသည် ၁၉၈၈–၈၉ ခုနှစ်တွင် စတုရန်းမိုင် သုံးသောင်းရှစ်ထောင်ကျော် (နိုင်ငံမြေ ဧရိယာ၏ ၁၄ ဒသမ ၉ရာခိုင်နှုန်း)ရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ခုနှစ်တွင် စတုရန်းမိုင် ခြောက်သောင်းကျော်(နိုင်ငံမြေ ဧရိယာ၏ ၂၃ ဒသမ ၂ ရာခိုင်နှုန်း) အထိ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



ဖတ်ကြား

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ၂၀၀၇ ခုနှစ် (၆၂) နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petrie ဖတ်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် သံဃမဟာနာယက ကျောင်းဆောင်၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပရှိ အဖျက်အမှောင့် လုပ်ဆောင်နေကြသည့် မသမာသူလူတစ်စု သွေးထိုးလှုံ့ဆော်မှုများကြောင့် ၂၀၀၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း သံဃာဆူပူဆန္ဒပြမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့ရ

သံဃာအရေခြုံထားသည့် ထောင်ထွက် သံဃာအတုအယောင်များက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီမံစိုင်းပြင်းခဲ့ ဦးဆောင်သံဃာ ၁၅ပါးစလုံး မဲဆောက်မြို့ကို သွားရောက်ခဲ့ဖူးပြီး အချို့မှာ ဆူပူရေးနှင့် ဖောက်ခွဲရေးသင်တန်းများတက်ရောက်ပြီးသူများဖြစ်

ရန်ကုန် အောက်တိုဘာ ၂၄

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည့် အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် သံဃမဟာနာယက ကျောင်းဆောင်၌ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇဝန္တ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ကြီးများဖြစ်တော်မူကြသော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒသီရိတို့ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက(ပထမအဖွဲ့ခွဲ) ဆရာတော်ကြီးများ စုစုပေါင်း ၁၃ ပါး ကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ်ဦးအံ့မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တိုင်း၊ ခရိုင် သာသနာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားရာတွင်-

ဆရာတော် သံဃာတော် အရှင်သူမြတ်များဘုရား-

ဆရာတော် သံဃာတော်ကြီးများအား ကျန်းကျန်းမာမာဖြင့် စုံညီစွာ ဖူးမြင် ပူဇော်ခွင့်ရပြီး ပူဇော်လျှောက်ထားခွင့်ရသဖြင့် ဝမ်းမြောက်ရပါသည်ဘုရား။

ဘုရားတပည့်တော်အား မြန်မာနိုင်ငံတွင် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့်စပ်လျဉ်း၍ သံဃာထုအား စည်းရုံးလှုံ့ဆော်ကြိုးကိုင်ခဲ့သော သံဃာ့အရေခြုံ သံဃာတု၊ သံဃာယောင်များနှင့် ၎င်းတို့၏ ပူးပေါင်းကြံစည်မှုများ၊ ၎င်းတို့၏ နောက်ကြောင်းဖြစ်ရပ်အမှန်များကို ဆရာတော်ကြီးများသိရှိနိုင်စေရန် လျှောက်ထားခွင့်ပြုတော်မူပါဘုရား။ အမှန်တော့ တပည့်တော်တို့အနေနဲ့ သံဃာနဲ့သက်ဆိုင်တဲ့ ဒီလိုဖြစ်ရပ်အမှန်တွေဖော်ပြ လျှောက်ထားရတာမျိုးကို လုံးဝမလိုလားပါဘူးဘုရား။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင်များပီပီ ဗုဒ္ဓဘုရားသာသနာတော်ကို ကြည်ညိုလေးမြတ်စွာနဲ့ သာသနာအရှည် တည်တံ့ပြန့်ပွားစေရေးနဲ့ သာသနာအကျိုးကို ရည်မျှော်ကိုးပြီး ဘယ်လိုမှ မတတ်သာလို့ ဒီလိုသာသနာကို ဖျက်မယ့်ကိစ္စအကြောင်းရပ်တွေကို ဝမ်းနည်းစွာ၊ စိတ်မကောင်းစွာ၊ ရှက်ရွံ့စွာနဲ့ပဲ အခုလို လျှောက်ထားခြင်းဖြစ်ပါတယ်ဘုရား။

အမှန်တော့ သာသနာရေးဆိုတာ အနှိုင်းမဲ့ အတုမရှိ လွန်စွာမှပင် အထက်တန်းကျမြင့်မြတ်လှပြီး ကြည်လင်သန့်ရှင်းသော ရေကြည်ရေပေါက်များနှင့် တူညီလှပါတယ်ဘုရား။ အဲဒီ ကြည်လင်သန့်ရှင်းသော တရားရေအေးများကို သောက်သုံးရခြင်းဖြင့် လောကီနယ်ပယ်တွင် ပူလောင်ရှုပ်ထွေးနေတဲ့ ဒါယကာ၊ ဒါယိကာမများရဲ့ရင်ကို အေးမြချမ်းသာစေပါတယ်ဘုရား။ သို့သော် မကြာသေးမီအချိန်က ဖြစ်ပျက်သွားတဲ့ ပြဿနာရပ်များကို ကြည့်ရှုမည်ဆိုပါက ကြည်လင်သန့်ရှင်း မွန်မြတ်လှသော ရေကြည်ရေသန့်အား မရိုးသား မဖြောင့်မတ်သော အဖျက်သမားတစ်စုက ဝင်ရောက်အရောင်ဆိုးပေးလိုက်တဲ့အတွက် ခေတ္တခဏ အနည်းငယ်မျှသော သံဃာတစ်စုအတွင်း နောက်ကျိညစ်နွမ်းသွားရခြင်းပဲဖြစ်ပါတယ်ဘုရား။

ဆရာတော်ကြီးများ သိပြီးဖြစ်သည့်အတိုင်း ပြည်တွင်းပြည်ပရှိ အဖျက်အမှောင့်လုပ်ဆောင်နေကြတဲ့ မသမာသူလူတစ်စုရဲ့ စဉ်ဆက်မပြတ် သွေးထိုးလှုံ့ဆော်မှုလုပ်ရပ်များကြောင့် ၂၀၀၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်းမှာ သံဃာဆူပူဆန္ဒပြမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့ရပါတယ်ဘုရား။ ဒီသံဃာဆူပူဆန္ဒပြမှုများအပေါ် ခြုံငုံပြီးတော့ သုံးသပ်လိုက်တဲ့အခါမှာ ဒီသံဃာ့လှုပ်ရှားမှုမဖြစ်ပေါ်မီကတည်းကပင် သံဃာအရေခြုံထားတဲ့ ထောင်ထွက် သံဃာအတုအယောင်များဟာ အဲဒီလှုပ်ရှားမှုများဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်စီမံစိုင်းပြင်းခဲ့ကြတာကို တပည့်တော်တို့ စစ်ဆေးတွေ့ရှိရပါတယ်ဘုရား။

ဖြစ်ပေါ်ခဲ့တဲ့ သံဃာဆူပူလှုပ်ရှားမှုများရဲ့ ကနဦး ဦးဆောင်အဖွဲ့ဖြစ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ သမဂ္ဂအဖွဲ့ချုပ်ကို ၂၀၀၇ ခုနှစ် ဇွန်လမှာ သံဃာခုနစ်ပါးနဲ့ ဖွဲ့စည်းခဲ့ပါတယ်ဘုရား။ အဲဒီသံဃာတွေကတော့ မင်္ဂလာကျောင်း သဃ်န်းကျွန်းမှ ဦးပညာဇောတ(ခ) နတ်စော-ဥက္ကဋ္ဌ၊ ပဲခူးကျောင်း မင်္ဂလာတောင်ညွန့်မှ ဦးဝိသုဒ္ဓစာရ-အတွင်းရေးမှူးဖြစ်ပြီး အဖွဲ့ဝင်များမှာ နဂါးရုံကျောင်း ကမ္ဘာအေးမှ ဦးဥတ္တရ(ခ) နဂါး၊ ညောင်တုန်းကျောင်း ပုဇွန်တောင်မှ ဦးစန္ဒိမာ(ခ) အပုလေး၊ ပဏ္ဍိတာရာမကျောင်းတိုက် မန္တလေးမှ ဦးဂမ္ဘီရ(ခ) ဦးစန္ဒောဘာသ(ခ)လှိုင်ဘွား(ခ) ညီညီလွင်၊ ဦးကေသရ(ခ) ဦးကေ (ကျောင်းတိုက် စုံစမ်းဆဲ)၊ ဦးဩဘာ သ/ဦးပါမောက္ခ (ကျောင်းတိုက်စုံစမ်းဆဲ)တို့ ဖြစ်ကြပါတယ်ဘုရား။ ဖော်ပြပါ နတ်စော၊ နဂါး၊ အပုလေးဆိုတဲ့ အမည်တွေဟာ ၎င်းတို့ထောင်ကျစဉ်က ထောင်ထဲမှာ အချင်းချင်းမှည့်ခေါ်ခဲ့ကြတဲ့ အမည်ပွက်၊ (အမည်ပြောင်)များသာဖြစ်ပြီး အဲဒီအကြောင်းများကို နောက်ပိုင်းမှာ တပည့်တော် အသေးစိတ်လျှောက်ထား ရှင်းလင်းသွားမှာဖြစ်ပါတယ်ဘုရား။ အဲဒီရဟန်းပျိုများသမဂ္ဂရဲ့ စည်းရုံးလှုံ့ဆော်မှုနဲ့ ဩဂုတ် ၂၈ ရက်မှာ စစ်တွေမြို့၌ သံဃာတော်အပါး ၁၄၀ ခန့်က ကုန်ဈေးနှုန်းကျဆင်းရေးဟူသော ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဆန္ဒပြမှု၊ စက်တင်ဘာ (၅/၆)ရက်များတွင် ပခုက္ကူမြို့၌ သံဃာတော်အပါး ၆၀ ခန့်က လမ်းလျှောက်ပရိတ်ရွတ် မေတ္တာပို့သည်ဆိုသော အနုနည်း ဆန့်ကျင်လှုပ်ရှားမှုတို့ ဖြစ်ပွားပေါ်ပေါက်ခဲ့ရပါတယ်ဘုရား။

ဆက်လက်၍ ပခုက္ကူမြို့ သံဃာများ စီတန်းလမ်းလျှောက်ဆန္ဒပြမှုမှာ လုံခြုံရေးတပ်ဖွဲ့များရဲ့ အရေးယူဆောင်ရွက်မှုတွေအပေါ် မကျေနပ်ကြောင်း အကြောင်းပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစု အမည်ခံအဖွဲ့က (၁) တာဝန်ရှိသူများက ဝန်ချတောင်းပန်မှုပြုရေး၊ (၂) ပြည်သူများစားဝတ်နေရေး ပြေလည်ရေး၊ (၃) ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ (၄) အမျိုးသားပြန်လည်သင့်မြတ်ရေး စတဲ့ အချက်လေးချက်ကို တောင်းဆိုခဲ့ကြပါတယ်။ ဒါ့အပြင် အဲဒီ တောင်းဆိုချက်တွေအပေါ် တာဝန်ရှိသူများက မလိုက်လျောပါက စက်တင်ဘာ ၁၈ ရက်မှာ ကံဆောင်မှုပြုလုပ်မည်ဖြစ်ကြောင်း မီဒီယာများမှတစ်ဆင့် ကြိုတင်အချက်ပေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ပါတယ်ဘုရား။

အဲဒီမြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစုဆိုတာဟာလည်း မူလကရဟန်းပျိုသမဂ္ဂအဖွဲ့ချုပ် ဖွဲ့စည်းလှုပ်ရှားခဲ့ပြီး စစ်တွေနဲ့ပခုက္ကူ သံဃာဆန္ဒပြမှုများဖြစ်ပေါ်လာချိန်မှာ မန္တလေးမှာ သံဃာ့သမဂ္ဂီအဖွဲ့၊ ပခုက္ကူမှာ သောတုဇနဘိက္ခုအဖွဲ့ စသည်ဖြင့် အဖွဲ့များ ပေါ်ပေါက်လာတဲ့အတွက် ထိန်းချုပ်ကွပ်ကဲရာမှာ တစ်သွေးတစ်သံတစ်မိန့် တစုတစည်းတည်းဖြစ်စေရန် အဆိုပါ သံဃာ့အဖွဲ့များအားလုံးပါဝင်တဲ့ သံဃာတပ်ပေါင်းစု ဆိုပြီး ၉-၉-၂၀၀၇ ရက်မှာ အမည်ပြောင်း ဖွဲ့စည်းခဲ့ခြင်းပဲဖြစ်ပါတယ်ဘုရား။ အဲဒီသံဃာတပ်ပေါင်းစုကို သံဃာလှုပ်ရှားမှုများတွင် သံဃာအားလုံးပါဝင်လာစေရန်နဲ့ လှုပ်ရှားမှုတွင် စနစ်တကျ ထိန်းချုပ်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး သံဃာ့ကိုယ်စားလှယ် ဦးဆောင်အဖွဲ့ကို သံဃာ ၁၅ ပါးဖြင့် ဖွဲ့စည်းခဲ့ပါတယ်ဘုရား။ အဆိုပါ ဦးဆောင်အဖွဲ့ဝင်သံဃာ ၁၅ ပါးအနက် ဦးဃောသိတကို သဃ်န်းကျွန်းနယ်မြေ၊ ဦးကောဝိဒ (နန်းဦးကျောင်း)ကို မင်္ဂလာတောင်ညွန့်နယ်မြေ၊ ဦးနန္ဒာသီရိ (ပွင့်ဖြူ-ငွေကြာယံကျောင်း)ကို တောင်ဥက္ကလာပနယ်မြေ၊ ဦးစန္ဒာသီရိ(ခ) ပုရစ်ကို ရွှေသိမ် ဓမ္မသိင်္ဂီကျောင်း၊ အလားတူ ဦးအဓိပတိ၊ ဦးနေမိန္ဒ၊ ဦးထာဝရတို့ကိုလည်း နယ်မြေ (စုံစမ်းဆဲ)များ ပိုင်းခြားသတ်မှတ်တာဝန်ပေးပြီး သံဃာလှုပ်ရှားမှုများ တစ်ပြိုင်နက်ဖြစ်ပေါ်စေရန် စီမံခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်ဘုရား။ ရန်ကုန်တိုင်းအတွင်း သံဃာများရဲ့ လှုပ်ရှားမှုများကိုကြည့်ပါက လက်မောင်းလက်ဖျံတွင် အဝတ်ဖြူရောင်ပတ်ထားသူများဟာ သံဃာများရဲ့ ဦးဆောင်သူများဖြစ်ကြောင်းတွေ့ရှိရပြီး ဦးဆောင်သံဃာ ၁၅ ပါး စလုံးဟာ ထိုင်းနိုင်ငံ မဲဆောက်မြို့ကို သွားရောက်ခဲ့ဖူးသူများဖြစ်ပြီး အချို့မှာ အဲဒီမှာ ဖွင့်လှစ်တဲ့ ဆူပူရေးနဲ့ ဖောက်ခွဲရေးသင်တန်းများ Community Organizer(CO) သင်တန်းများ တက်ရောက်ပြီးကြသူများလည်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါတယ်ဘုရား။

သံဃာဆန္ဒပြမှုများရဲ့ ဇာစ်မြစ်ကို တူးဖော်ကြည့်မယ်ဆိုရင် စစ်တွေဖြစ်စဉ်မှာ တက္ကသိလ ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မှ ဦးကောဝိဒနဲ့ အဓိဋ္ဌာန်ကျောင်း၊ စစ်တွေမြို့မှ ဦးကောမာလ(ခ) ကျော်စိန်(ခ) ဂျူဒိုကျော်စိန်တို့က အဓိက ဦးဆောင်စည်းရုံးလှုံ့ဆော်ခဲ့တာဖြစ်ပါတယ်ဘုရား။ ဆက်လက်ပြီး စစ်တွေဖြစ်စဉ်လို ဆူပူဆန္ဒပြမှုများ နိုင်ငံအနှံ့ ဆက်လက်ဖြစ်ပွားလာစေရေးအတွက် ရဟန်းပျိုသမဂ္ဂအဖွဲ့မှ ဦးပညာဇောတ(ခ) နတ်စောနဲ့ ဦးဂမ္ဘီရ(ခ) ဦးစန္ဒောဘာသ(ခ) လှိုင်ဘွား(ခ) ညီညီလွင်တို့က အထက်မြန်မာနိုင်ငံ မန္တလေးဘက်မှာ လှည့်လည်စည်းရုံး လှုံ့ဆော်ခဲ့ကြပါတယ်ဘုရား။ အလားတူ ရဟန်းပျိုသမဂ္ဂ အတွင်းရေးမှူး ဦးဝိသုဒ္ဓစာရကလည်း ပြည်တွင်းပြည်ပရှိ ဘုန်းကြီးကျောင်းများ၊ မီဒီယာများသို့ တယ်လီဖုန်း၊ အီးမေးလ်များ အသုံးပြုဆက်သွယ်အကြောင်းကြားခဲ့ပါတယ်။ ဒါကြောင့် မသိနားမလည်တဲ့၊ ရိုးသားတဲ့၊ လူမှုဗာဟီရ ကိစ္စများနဲ့ အကျွမ်းတဝင်မရှိတဲ့ ရဟန်းသံဃာများမှာ ဆန္ဒပြလှုပ်ရှားမှုများတွင် အသိမဲ့ပါဝင်လာပြီး ဘာသာရေးနဲ့မဆိုင်သော တောင်းဆိုမှုများပြုလုပ်လာခဲ့ကြသည်အထိ လမ်းကြောင်းလွဲမှားသွားခဲ့ရခြင်းသာ ဖြစ်ပါတယ်ဘုရား။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

သံဃာတပ်ပေါင်းစုဟာ NLD၊ ၈၈ မျိုးဆက် ကျောင်းသားအမည်ခံ အဖွဲ့တို့နဲ့ ချိတ်ဆက်ကာ မိဒီယာများမှတစ်ဆင့် သံဃာများနဲ့ ပြည်သူများအပေါ် အခါပေးလှုံ့ဆော်မှုများ အဆက်မပြတ် လုပ်ဆောင်ခဲ့တာကို ထင်ရှားစွာ တွေ့ရမှာဖြစ်

☆ စာမျက်နှာ ၆ မှ

ဒီလို သံဃာဆန္ဒပြလှုပ်ရှားမှုကို ပြည်သူလူထုတစ်ရပ်လုံးအတွင်း ပျံ့နှံ့စေရေးအတွက် သံဃာထုအတွင်း စိမ့်ဝင်ပျံ့နှံ့ရောက်ရှိနေတဲ့ သက်န်းအရေခြုံ သံဃာအတုများက နယ်အနှံ့ ကွင်းဆင်းစည်းရုံး လှုံ့ဆော်ခဲ့ကြတာတွေကိုလည်း စစ်ဆေးဖော်ထုတ် တွေ့ရှိခဲ့ရပါတယ်ဘုရား။ အဲဒီစည်းရုံးလှုံ့ဆော်မှုများကြောင့် သံဃာတပ်ပေါင်းစု၏ တောင်းဆိုချက်များကို နိုင်ငံတော်အစိုးရမှ အရေးယူဆောင်ရွက်မှုမရှိကြောင်း အကြောင်းပြလျက် စက်တင်ဘာ ၁၈ ရက်မှစတင်၍ ရန်ကုန်နှင့်တိုင်းနှင့် ပြည်နယ်အချို့မှာ သံဃာစီတန်းလမ်းလျှောက် ဆန္ဒပြမှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့ရပါတယ်ဘုရား။ သံဃာတပ်ပေါင်းစုအနေနဲ့ စက်တင်ဘာ ၂၄ရက်မှာ ရွှေတိဂုံရင်ပြင်၌ သံဃာလှုပ်ရှားမှုများအား ကြီးကြပ်ရန်အတွက် သံဃာ့ကိုယ်စားလှယ် ၁၅ ပါး ခန့်အပ်ကာ ဆန္ဒပြမည့်အချိန်နှင့် လမ်းကြောင်းများ သတ်မှတ်ပေးခဲ့တဲ့အပြင် စက်တင်ဘာ ၂၅ရက်မှာ သံဃာအပါး ၂၀ ပါဝင်တဲ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဦးဆောင်လှုပ်ရှား ခဲ့ကြပါတယ်ဘုရား။

ဒါ့အပြင် သံဃာတော်များ ဆွမ်းကွမ်းကိစ္စ အဆင်ပြေရေး အကြောင်းပြလျက် အနုပညာရှင်အချို့ ရှေ့ထွက်လာအောင်လည်း ဆွဲဆောင်စည်းရုံး လှုပ်ရှားခဲ့ပါတယ်ဘုရား။ ကျန်သံဃာများနဲ့ ပြည်သူများအနေနဲ့ ဆူပူလှုပ်ရှားမှုများမှာ ပါဝင်လာစေရန်နဲ့ လမ်းပေါ်ထွက်လာစေရန်အတွက် စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း နည်းလမ်းများကို အသုံးပြုဆောင်ရွက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်ဘုရား။ စစ်ဆေးတွေ့ရှိချက်များအရ ၂၅-၉-၂၀၀၇ရက် ၀၉း၀၀ အချိန် မဂ္ဂင်ကျောင်းမှာ ဦးဣန္ဒက၊ ဦးဃောသိတ၊ သန်းနိုင်(NLD)နဲ့ ငမဲ(အမည်ရင်းမသိ)တို့ဟာ သံဃာများဆန္ဒပြတဲ့ကိစ္စကို ညှိနှိုင်းဆွေးနွေးကြပြီး သန်းနိုင်နဲ့ ငမဲတို့က ယနေ့ချီတက်ဆန္ဒပြလမ်းလျှောက်ရာ၌ NLD ရုံးချုပ်တွင် NLD လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပါတီဝင်များစောင့်နေမည် ဖြစ်၍ ရုံးရှေ့သို့လာပြီး ဆယ်မိနစ်ခန့်ရပ်နား၊ မေတ္တာပို့ပေးရန်နှင့် မြို့တော်ခန်းမရှေ့တွင် တရားဟောရန် စီစဉ်ထားပြီးဖြစ်ကြောင်း လျှောက်ထားခဲ့ကြပါတယ်ဘုရား။ ၎င်းညှိနှိုင်းလျှောက်ထားချက်အတိုင်း အဲဒီနေ့ ၁၁း၀၀အချိန်မှာ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ကြေးသွန်းဘုရားသို့ရောက်ရှိစဉ် သံဃာ့ဦးဆောင် ကိုယ်စားလှယ်များနှင့် ဆန္ဒပြချီတက်မယ့်လမ်းကြောင်းကို ညှိနှိုင်းခဲ့ရာ အားလုံးက သဘောတူခဲ့ကြပါတယ်ဘုရား။ တစ်ဆက်တည်း သံဃာများမှ တောင်းဆိုထားချက်များအား ၂၆/၂၇ရက်များအထိ အစိုးရကမလိုက်လျောပါက စေ့စပ်ညှိနှိုင်း ဆွေးနွေးပေးရန်နှင့် အဆိုပါအချက်များကို မလိုက်နာပါက ၂၈-၉-၂၀၀၇ရက်မှာ NLD ပါတီကိုယ်စားလှယ်များက ကြားဖြတ်အစိုးရဖွဲ့စည်းပြီး ၎င်းအစိုးရဖွဲ့စည်းခြင်းကို သံဃာများနှင့်လူထုမှ ထောက်ခံလာကြစေရေး ပြုလုပ်ပေးရန် NLD မှ ပန်ကြားခဲ့တာကိုလည်း ဖော်ထုတ်တွေ့ရှိရပါတယ်ဘုရား။ အဲဒီ NLD ရဲ့ ပန်ကြားချက်အပေါ် ဦးဃောသိတက အစိုးရက မလိုက်လျောခဲ့ပါက ၂၈ရက်၌ သံဃာအများဆုံးနှင့် လူထုအများဆုံးပါဝင်သော ဆန္ဒပြပွဲမျိုးဖြစ်အောင် လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့တာကိုလည်း တွေ့ရှိရပါတယ်ဘုရား။

၈၈ မျိုးဆက် ကျောင်းသားအမည်ခံအဖွဲ့မှ ဌေးကြွယ်ဟာလည်း စက်တင်ဘာလအတွင်းမှာ သံဃာတပ်ပေါင်းစု၊ သောတုဇနဘိက္ခု သံဃာ့သမဂ္ဂအဖွဲ့၊ ၈၈ မျိုးဆက် ကျောင်းသားအဖွဲ့၊ ၈၈ မျိုးဆက် သတင်းပြန်ကြားရေးသမဂ္ဂ၊ အနုပညာရှင်များအဖွဲ့၊ စာပေနှင့်ကဗျာအဖွဲ့၊ တိုင်းရင်းသားလူမျိုးများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ရှေ့နေသမဂ္ဂ စတဲ့ အဖွဲ့အစည်း ကိုးခုပါဝင်တဲ့ လူထုလှုပ်ရှားမှုကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းရေးကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်ဘုရား။ အဲဒီလိုကြေညာချက် ထုတ်ပြန်နိုင်ရေးအတွက် ဌေးကြွယ်ဟာ ဦးဂမ္ဘီရ၊ ဦးသြဘာသ၊ ဦးပညာဇောတတို့နဲ့ ဆန္ဒပြပွဲများ စတင်သည်မှ လကုန်ပိုင်းအထိ နေ့စဉ်/တစ်ရက်ခြား ဖုန်းဆက်သွယ်မှုများပြုလုပ်ခဲ့ပြီး သံဃာထုလှုပ်ရှားမှုမှာ ပူးကပ်ထိန်းချုပ်ပါဝင်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ် တွေ့ရှိရပါတယ်ဘုရား။ ဒါတွေကို ခြုံပြီးသုံးသပ်ကြည့်မယ်ဆိုရင် သံဃာတပ်ပေါင်းစုဟာ NLD၊ ၈၈ မျိုးဆက်ကျောင်းသား အမည်ခံအဖွဲ့တို့နဲ့ ချိတ်ဆက်ကာ မီဒီယာများမှတစ်ဆင့် သံဃာများနဲ့ ပြည်သူများအပေါ် အခါပေးလှုံ့ဆော်မှုများ အဆက်မပြတ် လုပ်ဆောင်ခဲ့တာကို ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါတယ်ဘုရား။

စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းအတွင်း သံဃာလှုပ်ရှားမှုများကို မဂ္ဂင်ကျောင်း၊ ရွှေတောင်ကျောင်း၊ ညောင်တုန်းကျောင်းများမှ စတင်လှုံ့ဆော်ခဲ့ကြကြောင်းနဲ့ ရွှေတောင်ကျောင်းမှ ဦးပဏ္ဍဝံသ(ခ) ပြည်ကျော်နှင့် ဦးဇဝန(ခ) မုတ်ဆိတ်၊ ပဲခူးကျောင်းမှ ဦးဝိသုဒ္ဓစာရ၊ ညောင်တုန်းကျောင်းတိုက်မှ ဦးစန္ဒိမာ(ခ) အပုလေး၊ မဂ္ဂင်ကျောင်းမှ ဦးဣန္ဒက(ခ) ပနားမားတို့က လှုပ်ရှားမှုများနောက်ကွယ်မှ ကြိုးကိုင်ပါဝင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်ဘုရား။ ဒါ့အပြင် ဦးဂမ္ဘီရ(ခ) ညီညီလွင်ဟာလည်း ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့မှ ထွန်းမြင့်အောင်နဲ့ ဆက်သွယ်ပြီး သံဃာလှုပ်ရှားမှုမှာ ၈၈ မျိုးဆက်ကျောင်းသား အမည်ခံအဖွဲ့ ပါဝင်လာအောင်၊ စက်တင်ဘာလအတွင်း ရန်ကုန်နဲ့ မန္တလေးမှာ သံဃာဆန္ဒပြမှုများဖြစ်ပေါ်လာအောင် ကြိုးကိုင်စီမံခဲ့ကြတဲ့ အဓိက မောင်းနှင်အားများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်ဘုရား။

အဆိုပါ သံဃာတပ်ပေါင်းစုရဲ့ ဦးဆောင်အဖွဲ့ဝင် သံဃာအများစုဟာ ထောင်ထွက်များသာဖြစ်ပြီး ထောင်ကျနေစဉ်အတွင်း ၈၈ မျိုးဆက် ကျောင်းသားဆိုသူများဖြစ်လာကြမယ့် မင်းကိုနိုင်၊ ကိုကိုကြီး စသူတို့အပြင် အခြားသော နိုင်ငံရေးသမားများနဲ့ ထောင်ထဲမှာ တွေ့ဆုံရင်းနှီးကျွမ်းဝင်မှုရှိခဲ့တဲ့ ဆက်စပ်မှုကိုလည်း လေ့လာတွေ့ရှိရပါတယ်ဘုရား။ ဦးပဏ္ဍဝံသ၊ ဦးဣန္ဒက၊ ဦးပညာဇောတ၊ ဦးစန္ဒာသီရိ၊ ဦးဝါသဝ၊ ဦးဥတ္တရတို့က ၁၉၈၈ အရေးအခင်းကာလအတွင်း ရဟန်းပျိုများသမဂ္ဂဖွဲ့စည်းမှု၊ ၁၉၉၀ပြည့်နှစ်မှာ သံဃာများ သပိတ်ကံဆောင်မှု ပြုလုပ်ရာတွင် ပါဝင်မှုတို့ဖြင့် ထောင်ဒဏ်အသီးသီး ချမှတ်ခြင်းခံခဲ့ရဖူးသူများ ဖြစ်ပါတယ်ဘုရား။ ထောင်အတွင်းမှာ ဦးပညာဇောတကို နတ်စော၊ ဦးဣန္ဒကကို ပနားမား၊ ဦးဥတ္တရကို နဂါး၊ ဦးပဏ္ဍဝံသကို ပြည်ကျော်၊ ဦးစန္ဒာသီရိကို ပုရစ်ဆိုပြီး အမည်ဝှက်(အမည်ပြောင်) သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါတယ်ဘုရား။ ၁၉၉၆ ခုနှစ်မှာ ထောင်ကလွတ်လာကြပြီးနောက် ဦးပဏ္ဍဝံသ(ခ) ပြည်ကျော်ဟာ ရွှေတောင်ကျောင်းတိုက်ဝင်းအတွင်း သီးခြားကျောင်းဆောင်ဖြင့် နေခွင့်ရတဲ့ ခန်းနေဘုန်းကြီးဖြစ်လာပြီး ဦးစန္ဒာသီရိ(ခ) ပုရစ်ဟာ ရွှေသိမ် ဓမ္မသိဒ္ဓိကျောင်းမှာလည်းကောင်း၊ ဦးပညာဇောတ(ခ) နတ်စောဟာ အလုံ ဇောတနာရာမ ကျောင်းတိုက်မှာလည်းကောင်း ပြန်လည်နေထိုင်ခဲ့ပါတယ်ဘုရား။ ဦးဥတ္တရဟာ ကမ္ဘာအေး နဂါးရုံကျောင်းတိုက်မှာလည်းကောင်း၊ ဦးဝါသဝဟာ သဃ်န်းကျွန်း မဂ္ဂင်ကျောင်းမှာလည်းကောင်း ကျောင်းထိုင်ဆရာတော်ဖြစ်လာပြီး ဦးဣန္ဒက(ခ) ပနားမားကတော့ မဂ္ဂင်ကျောင်းမှာ စာချကိုယ်တော် ဖြစ်လာခဲ့ပါတယ်ဘုရား။

၁၉၉၈ ခုနှစ်မှာ ဦးပညာဇောတ(ခ) နတ်စောနဲ့ ဦးစန္ဒာသီရိ(ခ) ပုရစ်တို့ဟာ ဒုတိယအကြိမ် ရဟန်းပျိုသမဂ္ဂ ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းမှုတို့ကြောင့် ဒုတိယအကြိမ် အဖမ်းခံရပြီး ထောင် ၁၄နှစ်စီ ချမှတ်ခြင်းခံခဲ့ရပါတယ်ဘုရား။ သို့သော် လျှော့ရက်နဲ့လွတ်ငြိမ်းချမ်းသာခွင့်များကြောင့် ၂၀၀၅ခုနှစ်မှာ ပြန်လည်လွတ်မြောက်လာခဲ့ပြီး ဦးစန္ဒာသီရိ(ခ) ပုရစ်ဟာ သဃ်န်းကျွန်း ရွှေသိမ် ဓမ္မသိဒ္ဓိကျောင်းမှာ ပြန်လည်နေထိုင်ခဲ့သလို ဦးပညာဇောတ(ခ) နတ်စောဟာ ဦးပဏ္ဍဝံသ(ခ) ပြည်ကျော်နဲ့အတူ လိုက်ပါနေထိုင်ခဲ့ရာမှ သဃ်န်းကျွန်း မဂ္ဂင်ကျောင်းတွင် ဦးဝါသဝ(ကျောင်းထိုင်) ပျံလွန်တော်မူပြီး ဦးဣန္ဒက(ခ) ပနားမား ကျောင်းထိုင်ဖြစ်လာတဲ့အချိန်မှာ မဂ္ဂင်ကျောင်းသို့ စာချကိုယ်တော်အဖြစ် ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်ဘုရား။ ဒါကြောင့် တပည့်တော် အစဦးပိုင်းမှာ လျှောက်တင်ခဲ့သလို ဒီသံဃာလှုပ်ရှားမှုတွေဖြစ်ပေါ်ဖို့အတွက် ရည်ရွယ်ချက်ရှိရှိ ကြိုတင်စီမံအကွက်ချ ဦးဆောင်ခဲ့ကြတဲ့ သံဃာအများစုဟာ သံဃာအစစ်တွေမဟုတ်ဘဲ ထောင်ထွက် သံဃာအတုအယောင်များသာဖြစ်ကြောင်း လျှောက်ထားလိုပါတယ်ဘုရား။

အဲဒီဦးဆောင်သံဃာအဖွဲ့ဝင်အများစုဟာ ယခင်က တရားဥပဒေနဲ့ ငြိစွန်းတဲ့အတွက် ထောင်ဒဏ်ကျခံခဲ့ဖူးသူများဖြစ်တဲ့အပြင် တချို့ဟာ ထိုင်းနိုင်ငံမှာ မကြာသေးမီက ဆူပူရေးနှင့် ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ပြီးကြသူများ ဖြစ်ကြောင်းလည်း စစ်ဆေးဖော်ထုတ်ချက်များအရ ပေါ်ပေါက်ခဲ့ပါတယ်ဘုရား။ ဦးဂမ္ဘီရ(ခ) ညီညီလွင်ဟာ ၂၀၀၅ခုနှစ် ဇူလိုင်လမှာ အခြားသံဃာတစ်ပါးနဲ့အတူ မဲဆောက်ကိုရောက်ရှိပြီး AAPP တာဝန်ခံ ဘိုကြည်နဲ့တွေ့ဆုံခဲ့တဲ့အပြင် Community Organizer (CO) သင်တန်းသို့ တက်ရောက်ခဲ့ပါတယ်ဘုရား။ ၎င်းနောက် ဦးဂမ္ဘီရဟာ ၂၀၀၆ခုနှစ်အတွင်း ခြောက်ထပ်ကြီးရှိ ဦးသြဿဓ၊ မဂ္ဂင်ကျောင်းတိုက်မှ ဦးဣဿရိယ(ခ) ဂျောင်းဂျောင်း၊ ကျောင်းအမည်မသိမှ ဦးပါကဌနှင့် ဦးသြဘာသ၊ ထောက်ကြန့်တောရကျောင်းတိုက်မှ (ဂီတိစီကျောင်းဆရာထွက်) ဘွဲ့အမည်မသိတို့ကို CO သင်တန်းတက်ရောက်ရန် ကိုယ်တိုင်မဲဆောက်သို့ ပို့ဆောင်ပေးခဲ့ပါတယ်ဘုရား။ ဦးဂမ္ဘီရရဲ့နောက်ကွယ်မှ ထောက်ပံ့နေသူများကတော့ ကိုငြိမ်းချမ်း (နိုင်ငံရေးအန်တုမှု ကော်မတီဥက္ကဋ္ဌ)၊ မင်းနိုင် (FDB ခေါ် Forum for Democracy in Burma အဖွဲ့၏ ပြည်တွင်းဆက်သွယ်ရေးတာဝန်ခံ)၊ ကျော်ထက် (ဒုဥက္ကဋ္ဌ၊ FDB) တို့ဖြစ်ကြပါတယ်ဘုရား။ ၎င်းတို့ဟာ ဦးဂမ္ဘီရအား တိုက်ရိုက်ဆက်သွယ်ထောက်ပံ့ခဲ့ကြတဲ့အပြင် ဦးဂမ္ဘီရ၏ အစ်ကိုအရင်းဖြစ်သူ အောင်ကျော်ကျော်မှတစ်ဆင့် ကိုငြိမ်းချမ်းက ၂၀၀၇ခုနှစ် စက်တင်ဘာ ဆန္ဒပြမှုမတိုင်မီ ကျပ်သိန်းပေါင်းများစွာ ပေးပို့ခဲ့တာကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်ဘုရား။ ဒါ့အပြင် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အကြမ်းဖက်သမားတွေက ယနေ့အခါမှာ ထွက်ပြေးလွတ်မြောက်နေတဲ့ ဦးဂမ္ဘီရနဲ့ဆက်သွယ်ပြီး ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးမှုတွေပြုလုပ်နိုင်ဖို့အတွက် ဖောက်ခွဲရေးပစ္စည်းများနဲ့ အချင်းချင်းဆက်သွယ်နိုင်ဖို့ ဆက်သွယ်ရေးစက်များကို ပေးပို့နိုင်ရေး ဆက်သွယ်စီစဉ်ဆောင်ရွက်နေတာကိုလည်း သတင်းများ ရရှိခဲ့ပါတယ်ဘုရား။

ဒါတွေကိုကြည့်ရင် သံဃာတပ်ပေါင်းစုအဖွဲ့ဟာ ပြည်တွင်း၌ NLD၊ မင်းကိုနိုင်ခေါင်းဆောင်တဲ့ ၈၈ မျိုးဆက်ကျောင်းသားများအမည်ခံအဖွဲ့၊ ဖြူဖြူသင်း ခေါင်းဆောင်တဲ့ Peer Group တို့နဲ့လည်းကောင်း၊ ပြည်ပရှိ AAPP အဖွဲ့၊ နယ်စပ်ဒေသတစ်လျှောက် ဆန့်ကျင်ဘက်အဖွဲ့ခြောက်ဖွဲ့ကို ပူးပေါင်းဖွဲ့စည်းထားတဲ့ FDB အဖွဲ့တို့နဲ့လည်းကောင်းဆက်သွယ်ပြီး နိုင်ငံအနှံ့ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားလှပါတယ်ဘုရား။ အဲဒီလိုဆောင်ရွက်ရာမှာ လှုံ့ဆော်ရန်နှင့် အခါပေးရန်အတွက် BBC, VOA, RFA,DVB စတဲ့ ပြည်ပအသံလွှင့်ဌာနတွေနဲ့ မပြတ်ဆက်သွယ်ပြီး အသုံးချခဲ့တာကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်ဘုရား။

ဒါ့အပြင် အစိုးရဆန့်ကျင်ရေးအင်အားစုများနဲ့ ပူးပေါင်းအဖွဲ့များဟာ မူလကပင် နိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေရေးနဲ့ အမျိုးသားညီလာခံပျက်ပြားအောင် ညီလာခံကျင်းပပြုလုပ်နေစဉ်ကာလအတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံခဲ့ပေမယ့် အောင်မြင်မှုမရှိခဲ့ကြောင်း သတင်းများ ထုတ်ပြန်ချပြခဲ့ပြီး ဖြစ်ပါတယ်ဘုရား။ ဒါပေမယ့် ၎င်းတို့ဟာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို အခြေအနေပေးတာနဲ့ ဆက်လက်အကောင်အထည်ဖော်မှာဖြစ်တဲ့အတွက် နိုင်ငံတော်အပိုင်းက လုံခြုံရေးသတိနဲ့ မပြတ်စောင့်ကြည့်ခဲ့ပါတယ်ဘုရား။ ဒါကြောင့် သတင်းများအရ နန်းဦးကျောင်းတိုက်သို့ ဝင်ရောက်ရှာဖွေခဲ့ရာမှာ ဦးကောဝိဒရဲ့သေတ္တာအတွင်းမှ အမေရိကန်ဒေါ်လာ ၂၇ဒေါ်လာ၊ တရုတ်ယွမ်တစ်ယွမ်၊ အီလက်ထရွန်နစ် ဆက်စပ်ပစ္စည်း ၂၂မျိုးနဲ့ အဖျက်စွမ်းအားမြင့်မားတဲ့ ယမ်းတုံးတစ်တုံးကို သိမ်းဆည်းရမိခဲ့ပါတယ်ဘုရား။ သတင်းကွင်းဆက်များအရ နန်းဦးကျောင်းတိုက်မှာရှိတဲ့ အရှည်ကြီး(ခ) မင်းမင်းဟာ ချောင်းဦးမြို့နယ်မှ ဖြူတုတ်နဲ့အတူ ၁၉-၈-၂၀၀၇ရက်နေ့မှာ ယမ်းတောင့်များကို ချောင်းဦးမြို့သို့ယူသွားပြီး အရှည်ကြီး၏ ဖခင် ဦးကျော်ဌေး၏နေအိမ်မှာ မြေကျင်းတူးပြီး မြှုပ်နှံထားကြောင်း ဖော်ထုတ် သိရှိရပါတယ်ဘုရား။ ဒါကြောင့် ၁၁-၁၀-၂၀၀၇ရက်နေ့မှာ ချောင်းဦးမြို့ ရွှေတောင်ကွက်သစ်နေ ဦးကျော်ဌေး(၆၁)နှစ် (ဘ)ဦးဘရှိန်ရဲ့ နေအိမ်နဲ့ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ တစ်ပေနက်ခန့် မြေကျင်းတူး၍ မြှုပ်နှံထားတဲ့ အလေးချိန် သုံးပိဿာ ၅၂ဒသမ ၅ကျပ်သားခန့်ရှိ TNT ယမ်းပြင်း ၄၇ဒသမ ၅တုံးကို ထပ်မံရှာဖွေသိမ်းဆည်းရမိခဲ့ပါတယ်ဘုရား။

၎င်းယမ်းတုံးများဟာ သာမန်လူသေစေရုံမျှသာမက ပြည်ပနိုင်ငံကြီးက ပြုလုပ်တဲ့ အလွန်ကြောက်မက် ဖွယ်ကောင်းအောင် ပေါက်ကွဲစွမ်းအားပြင်းထန်တဲ့ စစ်မြေပြင်သုံး အမျိုးအစားဖြစ်တဲ့အပြင် အသင့်အသုံးပြုနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်တဲ့အတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ထားသော ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းစဉ်ကြီးရဲ့ တစ်စိတ်တစ်ပိုင်း တစ်ခုဖြစ်ကြောင်း ထင်ရှားလှပါတယ်ဘုရား။ ဒါတွေဟာ နယ်စပ်ရှိ FDB နဲ့ NCGUB တို့ရဲ့ အထောက်အပံ့နဲ့ ချိတ်ဆက်ဆောင်ရွက်ခဲ့တဲ့ ဆန့်ကျင်ဘက်အုပ်စုများရဲ့ ဖောက်ခွဲဖျက်ဆီးရေးလိုင်းပေါ်မှ သင်တန်းဆင်းလက်ရာများသာ ဖြစ်ပါတယ်ဘုရား။ ဒီလိုဖောက်ခွဲဖျက်ဆီးရေး ကြိုးပမ်းမှုများမှာ သံဃာအရေခြုံထားတဲ့ သံဃာအတုအယောင်များ ပူးပေါင်းပါဝင်လျက်ရှိတာကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပါတယ်ဘုရား။

ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ဆူပူအကြမ်းဖက်မှုများမှာ ဦးဆောင်ခဲ့သူ၊ ပါဝင်ခဲ့သူ၊ လိုက်ပါအားပေးခဲ့သူများအား သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိရာမှာ သံဃာအချို့ကို မလွဲမရှောင်သာခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရပါတယ်ဘုရား။ သို့သော်လည်း အဘက်ဘက်က စည်းရုံးသွေးထိုးလှုံ့ဆော်မှုများကြောင့် မသိနားမလည်၍ လူစုလူဝေးအတွင်း ပါဝင်ခဲ့ရတဲ့ သံဃာများအားလုံးကို အမြန်ဆုံး၊ ပြန်လည်စေလွှတ်ပေးလျက်ရှိပါတယ်ဘုရား။ တစ်ဆက်တည်း လျှောက်ထားလိုတာကတော့ တပည့်တော်တို့အနေနဲ့ နိုင်ငံနဲ့ပြည်သူအားလုံးရဲ့ တည်ငြိမ်အေးချမ်းမှုအတွက် ဆူပူဆန္ဒပြမှုများအပေါ် မတတ်သာလို့ ရှင်းလင်းမှုတွေ ဆောင်ရွက်ခဲ့ရပေမယ့် ဗုဒ္ဓဘာသာဝင်များပီပီ သာသနာတော်ကို ကြည်ညိုအလေးအမြတ်ထားပြီး အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့တဲ့အတွက် သံဃာတစ်ပါးမျှ ပျံလွန်မှုမရှိခဲ့ကြောင်းကိုလည်း လျှောက်ထားအပ်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော်လျှောက်ထားခဲ့သလို သံဃာဆူပူအကြမ်းဖက်မှုများဖြစ်ပွားအောင် နောက်ကွယ်က ကြိုးကိုင်စီမံဦးဆောင်ခဲ့တဲ့ သံဃာအရေခြုံ သံဃာအတုအယောင်များ၊ ဝိနည်းတော်နဲ့မညီဘဲ နိုင်ငံရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးဆိုင်ရာ ကျူးလွန်ဖောက်ဖျက်သူများ၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများမှာ ပါဝင်ပတ်သက်ခဲ့သူများကိုတော့ တည်ဆဲတရားဥပဒေများနဲ့အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း လျှောက်ထားအပ်ပါတယ်ဘုရား။

ဆက်လက်ပြီး အဲဒီသံဃာအတုအယောင်များရဲ့ သံဃာနှင့် မလျော်ညီသော ပြုမူနေထိုင် လုပ်ကိုင်ဆောင်ရွက်နေမှုများကိုလည်း လျှောက်ထားတင်ပြခွင့်ပြုပါဘုရား။ ဦးပဏ္ဍဝံသ (ခ) ပြည်ကျော်ဟာ နယ်စပ်သို့ သွားရောက်ပြီး ဆိုင်ကယ်များ၊ သစ်များကိုတစ်နှစ်ခန့် တရားမဝင် သယ်ဆောင်ရောင်းဝယ်ခဲ့ဖူးသူဖြစ်တဲ့အပြင် ချဲထီ၊ နှစ်လုံးထီ ဒိုင်ချုပ်ကိုင်ပြီး စီးပွားရှာနေသူဖြစ်ပါတယ်။ ဒါ့အပြင် မအိ (၂၄)နှစ် (ဘ) ဦးသန်းဌေး၊ တောင်စွန်းကျေးရွာ၊ ဘီးလင်းမြို့နယ်ရဲ့ ဝန်ခံထွက်ဆိုချက်အရ ၎င်းနဲ့ ပြည်ကျော်တို့ဟာ ငြိစွန်းခဲ့ကြပြီးနောက် တရားမဝင် နေထိုင်ပေါင်းသင်းခဲ့ကြကြောင်း၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလခန့်တွင် တစ်ကြိမ်၊ ၂၀၀၅ခုနှစ် ဩဂုတ်လခန့်တွင်တစ်ကြိမ် မအိမှာ ကိုယ်ဝန်ရှိခဲ့တဲ့အတွက် ဦးပဏ္ဍဝံသ (ခ)ပြည်ကျော်ရဲ့ အစီအစဉ်နဲ့ ကိုယ်ဝန်ဖျက်ချခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်ဘုရား။ ဒါ့အပြင် ငွေကြာယံကျောင်း ဆရာတော်ရဲ့ ဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ပေးလျက်ရှိတဲ့ နှင်းနှင်း(ခ) နှင်းနွယ်မိုးနဲ့ ၎င်းကျောင်းတိုက်ရှိ ဦးတေဇိန္ဒ(ခ) တုတ်ကြီးတို့ဟာ နှစ်လုံး၊သုံးလုံး ချဲထီဒိုင်၊ ဘောလုံးပွဲဒိုင်များအဖြစ် ပူးတွဲလုပ်ကိုင်ရင်း နောက်ဆုံးမှာ ကျောင်းတိုက်အတွင်း တရားမဝင်ပေါင်းသင်းနေထိုင်မှုများ၊ မဖွယ်မရာ ပြုမူဆက်ဆံခဲ့မှုများရှိခဲ့ကြောင်း၊ နှင်းနှင်းနှင့်အတူနေသော ညီမဖြစ်သူ သန္တာကျော်ဟာ ဦးပဠင်းမောင်တင့်နဲ့ ငြိစွန်းနေတဲ့အပြင် ဦးပဠင်းဝခဲနှင့်လည်း ကြိုက်နေကြောင်း စသည်ဖြင့် မဖွယ်မရာကိစ္စရပ်များ စစ်ဆေးပေါ်ပေါက်ခဲ့ရပါတယ်ဘုရား။

ဦးဇဝန(ခ)မုတ်ဆိတ်ဟာလည်း နေ့စဉ်အရက်သေစာသောက်စားပြီးချဲထီ၊ နှစ်လုံးထီအတိတ်ပေးခြင်း၊ ဖိုထိုးခြင်းများပြုလုပ်လျက် သိဒ္ဓိရှင်ပမာ အယောင်ဆောင်နေထိုင်သူဖြစ်ပါတယ်ဘုရား။ ၎င်းရဲ့ကျောင်းမှာ ချဲထီ၊ နှစ်လုံးထီ အတိတ်စိမ်းပေးသဖြင့် ချဲပေါက်သူများက လာရောက်လှူဒါန်းမှုကြောင့် တစ်လပျမ်းမျှဝင်ငွေ တစ်သိန်းခန့်ရရှိကြောင်း၊ ထိုငွေများဖြင့် ဖိုထိုးကြောင်း၊ ဆွမ်းခံကြွခြင်းမရှိဘဲ ပြင်ပလက်ဖက်ရည်ဆိုင်တွင် နေ့ဆွမ်းချက်စားသည့်အပြင် ညနေပိုင်း၌ ပျားရည်နှင့်အရက် ရောသောက်လေ့ရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်ဘုရား။ ဦးပညာဇောတ(ခ) နတ်စောဟာလည်း ထိုင်းနိုင်ငံအခြေစိုက် AAPP အဖွဲ့မှ ဘိုကြည်နှင့် ဆက်သွယ်ပြီး ၎င်းနှင့်အတူ ဦးဣန္ဒက(ခ)ပနားမား၊ ဦးဣဿရိယ(ခ)ဂျောင်းဂျောင်း၊ ဦးကောဝိဒ၊ ဦးဂမ္ဘီရနှင့်၎င်း၏ အဆက်အသွယ်များအတွက် ထောက်ပံ့ကြေးငွေ အမြောက်အမြား လက်ခံရယူခွဲဝေပေးကမ်းခဲ့သူ ဖြစ်ပါတယ်ဘုရား။

အဲဒီလိုစစ်ဆေးဖော်ထုတ်ချက်သတင်းများအရ ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၈နဲ့ ၂၉ရက်များမှာ မှုခင်းတပ်ဖွဲ့၊သတင်းတပ်ဖွဲ့နဲ့ သာသနာရေးဦးစီးဌာနမှ ပူးပေါင်းအဖွဲ့ဟာ ငွေကြာယံပရိယတ္တိစာသင်တိုက်အား သက်သေများနဲ့အတူ စနစ်တကျ အသေးစိတ် စစ်ဆေးရှာဖွေခဲ့ရာ ကျောင်းတိုက်အတွင်းရှိ သံဃာတော်များ၏ အခန်း၊ သေတ္တာများအတွင်းမှ နိုင်ငံတော်အား ဆန့်ကျင်တဲ့ စာရွက်စာတမ်းများ၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးလောင်းကစားနှင့် ပတ်သက်တဲ့ စာရွက်စာတမ်းများ၊ ညစ်ညမ်းစာအုပ်၊ ရုပ်ပုံ၊ ကွန်ဒုံးနှင့် ညစ်ညမ်းဗွီစီဒီအခွေများ၊ ဓားလက်နက်များ၊ သံဃာတော်များနှင့် မအပ်စပ် သည့် အခြားစာရွက်စာတမ်းများနဲ့ အသုံးအဆောင်များကို သိမ်းဆည်းရမိခဲ့ပါတယ်ဘုရား။ ဒါ့အပြင် မင်္ဂလာတောင်ညွှန့်မြို့နယ် ရွှေတောင်ကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ် သီရိဂုန္တာရုံကျောင်းတိုက်၊ ရန်ကုန်ကျောင်းတိုက်၊ ပျဉ်းမနားကျောင်းတိုက်၊ ရွှေညောင်ပင်ကျောင်းတိုက်၊ စိတ္တသုခကျောင်းတိုက်၊ ရွှေတောင်မော်၊ ဇဋိလရာမ၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါမြူးကွန့် အစွန့်ရှည်စွာ တည်စေသောဝ် (၃)

မြတ်ဗုဒ္ဓ၏ သာသနာတော်သည် နှစ်ပေါင်း ၂၅၅၀ ကျော် အစွန့်ရှည်ကာ ယနေ့ကမ္ဘာတစ်ခွင် ထွန်းတောက်လျက်ရှိသည်။ အာရှနိုင်ငံ အများစုအပါအဝင် ကမ္ဘာ့နိုင်ငံ ငါးဆယ်ကျော်၌ ဗုဒ္ဓသာသနာတော်အရောင် လင်းလက်နေပြီဖြစ်သည်။ ၁၉၇၅ ခုနှစ် လန်ဒန်ထုတ် **"ဗြိတိသျှစွယ်စုံကျမ်း"**အရ ၁၉၇၀ပြည့်နှစ်ဝန်းကျင် ကမ္ဘာတစ်ခွင်၌ ဗုဒ္ဓဘာသာဝင် သန်းပေါင်း ၂၅၀ခန့်ဟု ဖော်ပြသည်။ ထိုစဉ်က လန်ဒန် ဗုဒ္ဓဝိဟာရကျောင်းတိုက် ဆရာတော် (ဒေါက်တာ) အိပ်ချ်သဒ္ဓါတိဿ (တိပိဋကာစရိယပဏ္ဍိတ)၏ ၁၉၇၁ခုနှစ်ထုတ် **"ဗုဒ္ဓလမ်းစဉ်"** စာအုပ်၌ ကမ္ဘာတစ်ခွင်ဗုဒ္ဓဘာသာဝင် ၅၁၆ သန်း ရှိကြောင်း ဖော်ပြသည်။

၁၉၇၂ခုနှစ်တွင် လန်ဒန်ဗုဒ္ဓဝိဟာရမှ သုတေသီကျမ်းပြု (သီရိလင်္ကာ)ဆရာတော် ဒေါက်တာဝါလ်ပိုရာဟုလာ ရေးသားထုတ်ဝေသည့် **"ဗုဒ္ဓကဘာတွေသင်ပေး(ညွှန်ပြ)ခဲ့သလဲ (မြတ်ဗုဒ္ဓဒေသနာ)"** စာအုပ်တွင် ဆရာတော်ဝါလ်ပိုရာဟုလာ (အရှင်ဝေပုလ္လရာဟုလာ)က ကမ္ဘာတစ်ဝန်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူ သန်းပေါင်း ၅၅၀ကျော်ရှိသည်ဟု ဖော်ပြခဲ့သည်။ ယနေ့ လူဦးရေမှာ ထိုစဉ်ကထက် သန်းနှစ်ထောင်ကျော်တိုးပွားလာပြီဖြစ်သည်။ ဆိုရှယ်လစ် (ကွန်မြူနစ်) နိုင်ငံအချို့ကလည်း နိုင်ငံရေးအဖျက်သမားကို လွတ်လပ်ခွင့်မပေး၊ ဘာသာကိုးကွယ်မှုကိုလွတ်လပ်ခွင့်ပေးလာရာ ယနေ့ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင် သန်းတစ်ထောင်ကျော်ရှိပြီဟု သိမှတ်ရပါသည်။ (ယနေ့ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၆၅၀၀ ဖြစ်ပါသည်။)

မြတ်ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားမြတ်ကို ဗုဒ္ဓကိုယ်တော်တိုင်လည်းကောင်း၊ တပည့်သံဃာများမှတစ်ဆင့် ဟောပြစေ၍လည်းကောင်း လူနတ်ဗြဟ္မာသတ္တဝါများအား သိစေ၊ ကျင့်ကြံအားထုတ်စေခဲ့သည်။

ဘုရားရှင်လက်ထက်မှာပင် ရှင်ဒေဝဒတ်၏ သံဃာဂိုဏ်းခွဲမှုနှင့် ဘုရားသာသနာတော် ပျက်စီးစေရန် ဖျက်ဆီးနှောင့်ယှက်မှုများတွေ့ခဲ့ရသည်။ ဘုရားရှင်၏ တပည့်သံဃာများ ကွဲပြားရန်၊ ဘုရားရှင်၏ တရားအာဏာစက်(ဓမ္မစက်) ပျက်ပြားရန် သင်းခွဲမှုများကို ဝိနယပိဋကတ် သံဃာဘေဒကသိက္ခာပုဒ်အပိုင်း၌ မြတ်စွာဘုရား ပညတ်တော်မူသည့် ဝိနည်းသိက္ခာပုဒ်များ၌ တွေ့ရသည်။ ယင်းသို့ သံဃာချင်းကွဲအောင် သွေးခွဲခြင်းသည် သံဃာဒိသိသ် အာပတ်သင့်သည်ဟု မြတ်စွာဘုရားက ပညတ်တော်မူခဲ့သည်။

ကောသမ္ဗီပြည်တွင် ရဟန်းသံဃာတို့ ရေအိမ်သာ(ကုဋီ) ရေဆေးခွက်နှင့်ပတ်သက်၍ ဂိုဏ်းဂဏပဋိပက္ခဖြစ်ကြစဉ် ဘုရားရှင်၏ ဆိုဆုံးမစကားကို မနာခံဘဲ ငြင်းဆန်မှုများပင် ရှိလာသဖြင့် ဗုဒ္ဓဘုရားရှင်သည် ကောသမ္ဗီတွင် ထိုနှစ်ဝါမဆိုဘဲ ပလလဲတောသို့ ကြွရောက်ဝါဆိုတော်မူခဲ့သည်။

ရှင်ဒေဝဒတ်၏ သံဃာဂိုဏ်းခွဲမှုများလည်း ရှိခဲ့သည်။ ထိုသို့ နှောင့်ယှက်သွေးခွဲကြသည့်တိုင် မြတ်စွာဘုရားသည် ခုနစ်သိန်းကျော်ရှိသော ဗုဒ္ဓခေတ်သံဃာ့အဖွဲ့အစည်းကြီးကို ထိန်းသိမ်းစုစည်းထားနိုင်ခဲ့ပေသည်။

ခရစ်မတိုင်မီ(ဘီစီ ၅၄၃ခုနှစ်)တွင် ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူသည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုချိန် သာဝကတပည့်ကြီး ရှင်မဟာကဿပမှာ ပါဝါပြည်သို့ ရောက်ရှိနေခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူသည့် သတင်းကြား၍ ကုသိနာရုံသို့ ပြန်ကြွလာသည်။ ထိုအခါ အာတုမာမြို့သား သုဘဒ်အမည်ရှိ ရဟန်းက ရှင်မဟာကဿပနှင့် ပူဆွေးငိုကြွေးနေသည့် ပုထုဇဉ်တပည့်ရဟန်းတို့အား "ငါ့အရှင်တို့ မငိုကြနှင့် မစိုးရိမ်ကြနှင့်၊ ငါတို့သည် ဂေါတမ၏ တင်းကျပ်စည်းနှောင်ထားသော ဘောင်အတွင်းမှ လွတ်မြောက်ကြလေပြီ" ဟု ဆိုလိုက်သည်ကို ကြားရသော ရှင်မဟာကဿပက ဘုရားရှင်ပရိနိဗ္ဗာန်ပြုခါစပင်ရှိသေးသည်၊ ဤသို့ သာသနာ ညှိုးနွမ်းစေမည့်စကားပြောသူရှိနေပါပကောလားဟု လက်နှစ်ဖက်ဖြင့် ရင်ကိုဖိပြီး ညည်းညူတော်မူ၏။

ဤအခြေအနေကြောင့်ပင် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး သုံးလနှင့် လေးရက်အကြာ ရာဇဂြိုဟ်ပြည် ဝေဘာရတောင် စရည်းပင်ရှိရာ လိုဏ်ဂူ၌ ရှင်မဟာကဿပ အမှူးပြုပြီး ရှင်ဥပါလိ၊ ရှင်အာနန္ဒာ၊

ဖိုးရေချမ်း

ရှင်အနုရုဒ္ဓါတို့ ဦးစီးလျက် ပထမ သင်္ဂါယနာတင်ကာ ဗုဒ္ဓတရားများ ပေါင်းစုရွတ်ဆိုခဲ့သည်။ ရဟန္တာ ၅၀၀ တို့ဖြင့် ခုနစ်လကြာမြင့်စွာ ဓမ္မနှင့်ဝိနယတို့ကို သင်္ဂါယနာတင်ခဲ့သည်။

နောင်နှစ်ပေါင်း ၁၀၀အကြာ (ဘီစီ ၄၄၂) တွင် ဝေသာလီပြည် ဝါလိကာရုံကျောင်းတိုက်၌ ကာလာသောကမင်းက ဒါယကာပြုပြီး ဒုတိယ သင်္ဂါယနာတင်သည်။ ရှင်မဟာယသ၊ ရှင်ရေဝတ၊ ရှင်သဗ္ဗကာမီတို့ဦးစီးကာ ရှစ်လကြာမျှ သင်္ဂါယနာတင်ခြင်းဖြစ်သည်။ ဒုတိယသင်္ဂါယနာတင်ရသောအကြောင်းမှာဝဇ္ဇီတိုင်းသားရဟန်းများက ဗုဒ္ဓ၏ဓမ္မနှင့်ဝိနယ (ဝိနည်းတော်)များကို ပြုပြင်လိုကြောင်း အချက် ၁၀ချက်ဖြင့် တင်ပြလာ၍ ဖြစ်သည်။ ထိုသို့ ဝဇ္ဇီတိုင်းသား ရဟန်းတို့တင်ပြလာသော အချက် ၁၀ချက်တွင် နေဖို့ ညစာဆောင်မထားရ ဟူသော ဗုဒ္ဓဒေသနာ ပြဋ္ဌာန်းချက်ကို ပြင်ပြီး သားချိုဘူးတွင်ဆားထည့်၍ ဆောင်ခွင့်ပြုရန်၊ မွန်းလွဲသည့်တိုင် (နေလွဲရိပ် လက်နှစ်သစ်အထိ) အစာအာဟာရ စားခွင့်ပြုရန်၊ အရက်အဖြစ်မရောက်သေးသော စိမ်ရည်များ သောက်ခွင့်ပြုရန်၊ ဒါယကာ၊ ဒါယိကာမများအား လှူရန်၊ တန်းရန် ဟောကြားခွင့်ပြုရန်၊ နို့ဓမ်းအဖြစ် မရောက်သေးသော နို့ရည်စားသုံးခွင့်ပြုရန်၊ အမြိတ်မရှိသော နိသီဒိုင်သင်္ကန်း ဝတ်ရုံခွင့်ပြုရန် စသည်တို့ ပါဝင်သည်။

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ သံဃာအပါး ၁၀၀၀ ဖြင့် ကိုးလတိုင် တတိယသင်္ဂါယနာတင်သည်။ နာယကဆရာတော်မှာ ရှင်မောဂ္ဂလိပုတ္တတိဿဖြစ်ပြီး သာသနာ့ဒါယကာမှာ အသောက (သီရိဓမ္မာသောက) မင်းကြီးဖြစ်သည်။ တတိယ သင်္ဂါယနာပွဲအပြီး ရဟန်းများ ဥပုသ်ကံပြုရန် သတ်မှတ်ပေးသည်။ အချို့ ဂိုဏ်းဝင်မသန့်စင်သော ရဟန်းများအား လူထွက်စေ၍ ပိတ်ဖြူပတ်ပေးသည်။ သင်္ဂါယနာတင် ဦးစီးဦးကိုင် ရှင်မောဂ္ဂလိပုတ္တတိဿက အားလုံးသော ဂိုဏ်းအယူဝါဒကွဲများကို ကျေပျက်သွားစေရန် အဘိဓမ္မာခုနစ်ကျမ်းဝင် ကထာဝတ္ထုကျမ်းကို ပြဋ္ဌာန်းအတည်ပြုသည်။ သာသနာစည်ပင်လာရာ ရဟန်းသံဃာခြောက်သန်းရှိလာသည်။

သာသနာသက္ကရာဇ် ၄၈၅ ခုနှစ်တွင် ဂန္ဓာရတိုင်း ကသ္မီယ (ယနေ့အိန္ဒိယမြောက်ပိုင်းကက်ရှ်မီးယားဒေသ) ဇလန္ဒမြို့၌ ရှင်ဝါသုမိတြက နာယကဆရာအဖြစ် ဆောင်ရွက်ပြီး ကနိသျှက (ကနိဋ္ဌ) မင်းက သာသနဒါယကာခံကာ စတုတ္ထသင်္ဂါယနာတင်ပွဲ ကျင်းပသည်။ ယင်းသင်္ဂါယနာပွဲတွင် ရှင်အသွဃောသနှင့် အခြားဆရာတော်ကြီးများ ရေးသားပြုစုသော ကျမ်းများကို သင်္ဂါယနာပွဲ၌ တင်သွင်းခဲ့သည်။ သီဟိုဠ်(သီရိလင်္ကာ) ရဟန်းများက ထိုသို့ တင်သွင်းသည်ကို လက်မခံ ကန့်ကွက်ကာ သီဟိုဠ်တွင် စတုတ္ထသင်္ဂါယနာတင်ပွဲ အပြိုင်ကျင်းပသည်။ အိန္ဒိယမြောက်ပိုင်းမှ ရှင်အသွဃောသဦးစီးသောဂိုဏ်းကို မဟာယာနဂိုဏ်း၊ တောင်ပိုင်း (သီဟိုဠ်) ဂိုဏ်းကို ဟိနာယာနဂိုဏ်းဟု တွင်လာခဲ့သည်။ သီဟိုဠ် (သီရိလင်္ကာ)ကမူ မိမိတို့သည် ထေရဝါဒဗုဒ္ဓဘာသာများသာဖြစ်သည်။ (ထေရဝါဒဂိုဏ်းဖြစ်သည်)ဟု ဆိုခဲ့သည်။

ခရစ်နှစ် ၁၈၅၆ ခုနှစ် မန္တလေးရတနာပုံနန်းတွင်း၌ သံဃာ ၂၄၀၀ တို့ဖြင့် ငါးလသုံးရက်ကြာ ပဉ္စမသင်္ဂါယနာတင်ခဲ့သည်။ မင်းတုန်းမင်းကြီးက သာသနာ့ဒါယကာပြုသည်။ ခရစ်နှစ် ၁၉၅၄-၁၉၅၆ ခုနှစ်များအတွင်း (သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ်) ရန်ကုန် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတွင် မြန်မာနိုင်ငံအစိုးရ၏ သာသနာ့ဒါယကာပြုမှုဖြင့် ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်။ ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ရဟန်းသံဃာများ ပါဝင်ခဲ့ကြသည်။ ညောင်ရမ်းဆရာတော်ကြီးကို အမှူးပြုပြီး တင်ခဲ့သည်။

တကောင်း၊သရေခေတ္တရာ၊ ဗိဿနိုး၊ဟန်လင်းစသည့် ပျူမြို့ပြနိုင်ငံများခေတ်တွင် လမ်းအသွယ်သွယ်မှ ဝင်လာသော ဗုဒ္ဓသာသနာတော် ရောက်ရှိလာပြီဖြစ်သည်။ ပုဂံခေတ်ကား ဗုဒ္ဓအနုပညာ၊

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ကွန်မြူနစ်လေးငါးမျိုး (လေးငါးအုပ်စု)၊ ဆိုရှယ်လစ်လေးငါးဆယ်မျိုး (ပါတီ ဂိုဏ်းဂဏအုပ်စု လေးငါးဆယ်မျိုး)၊ လက်ယာအမျိုးမျိုး၊ လက်ဝဲအမျိုးမျိုးကွဲပြားကာ၊ ပါတီဂိုဏ်းဂဏ၊ ဝါဒချင်းအားပြိုင် အနိုင်လုကြရာ၌လည်းကောင်း၊ မိမိတို့ အသာစီးရရန်၊ ပြိုင်ဘက်ကိုအလဲထိုးရန်၊ တည်ဆဲအစိုးရနေရာ မိမိတို့ရရှိရန် ကြိုးစားရင်း လက်နက်ကိုင်တိုက်ကြသည်။ ဤသို့ဖြင့် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပွားလာရသည်။ ပြည်သူတို့ အသက်အိုးအိမ် ဆုံးရှုံးကြရသည်။

ထိုသို့ မိမိတို့သာ နိုင်ရမည်၊ မိမိတို့သာ အာဏာရစေရမည်ဟု ပါတီဂိုဏ်းဂဏများစွာက စွဲပိုက်လာကြသည်။ မိမိတို့ကို ပြည်သူတစ်ရပ်လုံး (အထူးသဖြင့် မဲဆန္ဒရှင် အများစုကြီး)က လိုလား နှစ်သက်၊ ထောက်ခံကြလျှင် ရွေးကောက်ပွဲများ၌ ဒီမိုကရေစီနည်းကျ အရွေးခံရမည်။ အာဏာရမည်။ အစိုးရဖြစ်မည်။ ထိုသို့ ဒီမိုကရေစီနည်းကျရွေးကောက်ပွဲ (ပြည်သူ့အသုံးအဖြတ်) ရရန် ကိုယ့်ကိုယ်ကိုယ် မယုံရဲသူများက ဆူပူအုံကြွမှုများ ဖန်တီးလျက် အာဏာဖြတ်လမ်းနည်းကို သုံးတတ်ကြသည်။ မြန်မာ့အတိတ်၊ ပစ္စုပ္ပန်ဖြစ်ရပ်များက ထိုသရုပ်သဏ္ဍာန်ကို အထင်အရှား ဖော်ပြနေပေသည်။

ပြည်တွင်းနိုင်ငံရေ
သံဃာများကို မိမိတို့
ပဋိပတ္တိ သာသနာ့လုပ်
ပါဝင်လှုပ်ရှားလာအေ
တိုက်ပြင်ပ ဆွဲခေါ်အ
အချို့နိုင်ငံရေးအု
သံဃာများအတွင်း ကြ
သိမ်းသွင်းစေသည်။
တိုးဝင်မိသော သံဃာ
ချောက်မှ ရုန်းထွက်သ
ရပေပြီ။

သာသနိကအဆောက်အအုံ၊ စေတီ၊
ရုပ်ပွားတော်များ ဒီရေအလားတိုးပွာ
အနော်ရထာမင်းသည် အိန္ဒိယမှ အ
တော် သန့်ရှင်းစင်ကြယ် တိုးတက်ထွ
အယူလွဲမှားသော အရည်းကြီးများ
သည်။ ရှေးက သံဃာဂိုဏ်းများကွဲရာ
တော်များအပေါ် အကောက်အယူ
များကို အလျှော့အတင်းပြုလုပ်လို၍ ကွဲ
လေ့ရှိသည်။ အကျင့်သီလပျက်သော
အနော်ရထာ စသည့်မင်းများက
သီရိလင်္ကာတွင်လည်း ဗုဒ္ဓဘာသာအ
ကို တံဆိပ်ရိုက်၍ အဘယဂီရိကျေ

ဗုဒ္ဓကိုယ်တော်တိုင် မရှိတော့
ခါတ်ပုံကင်မရာ၊ ရုပ်မြင်သံကြားက
ကင်မရာများ၊ ကက်ဆက်များ၊
ထေရ်ရှင်သံဃာစဉ်ဆက် လက်ဆင့်
မြတ်ဗုဒ္ဓတရားတော်များအပေါ် အယ
လွဲမှုများရှိလာက ငြင်းကြခုန်ကြ
ထို့ကြောင့်လည်း ပိဋကတ်တော်များ
သင်္ဂါယနာတင် အတည်ပြုရခြင်းဖ

ဝိနည်းကို ချိုးဖောက်၊ ဗုဒ္ဓတရ
လက္ခဏစသည်)ကို ဆန့်ကျင်သွေ
အဓမ္မဝါဒီများသာ လုပ်ကြပေသ
ကာမဂုဏ်နယ် ကျောခိုင်းကာ
သာသနာတော်သုံးရပ်တာဝန် ထမ်း
ရဟန်းသံဃာများသည် မြန်မာ
တစ်ကမ္ဘာလုံး၌ သန်းချီ၍ ရှိပေသည
လည်း ရှိတတ်ပေရာ ရဟန်းသံဃာ
သိက္ခာချိုးဖောက်မှု၊ လူမှုနယ်ပယ်
နိုင်ငံရေးနယ်ပယ်၌ ပါဝင်နေမှုသည်
စေနိုင်သဖြင့် ဒါယကာ၊ ဒါယိကာ
ဖြစ်ရသည်။ ကမ္ဘာနှင့်ချီပြီး မတင်
လွတ်လပ်ရေးရရှိပြီးနောက် ကွန်မြူန
ဆိုရှယ်လစ်လေးငါးဆယ်မျိုး (ပါတီ
မျိုး)၊ လက်ယာအမျိုးမျိုး၊ လက်ဝဲ
ဂိုဏ်းဂဏ၊ ဝါဒချင်းအားပြိုင် အ
မိမိတို့ အသာစီးရရန်၊ ပြိုင်ဘက်ကို
နေရာ မိမိတို့ရရှိရန် ကြိုးစားရင်း

ပြည်တွင်းနိုင်ငံရေးသမား ပါတီအဖွဲ့အစည်းအုပ်စု ဂိုဏ်းဂဏ အင်အားစုအချို့က သံဃာများကို မိမိတို့ဘက်ပါအောင် နည်းမျိုးစုံဖြင့် သွေးထိုးကြသည်။ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့လုပ်ငန်းထက် ပြင်ပနိုင်ငံရေးကို စိတ်ဝင်စားပြီး ၎င်းတို့အလိုကျ ပါဝင်လှုပ်ရှားလာအောင် အချို့သောသံဃာငယ်များ၊ သံဃာလတ်များကို ကျောင်းတိုက်ပြင်ပ ဆွဲခေါ်အသုံးပြုလာကြသည်။

အချို့နိုင်ငံရေးအုပ်စုများကလည်း မိမိတို့လူ(ကေဒါ)များကို သင်္ကန်းဝတ်စေကာ သံဃာများအတွင်း ကြိုတင်မြှုပ်နှံထားကာ ကျောင်းတိုက်ရှိ သံဃာများအား စည်းရုံးသိမ်းသွင်းစေသည်။ သံဃာအများစုက ထိုထောင်ချောက်အတွင်း တိုးမဝင်ကြ၊ တိုးဝင်မိသော သံဃာအချို့လည်း မကြာမီ ဇာတ်ရည်လည်ကာ နိုင်ငံရေး ထောင်ချောက်မှ ရုန်းထွက်သွားလေ့ ရှိကြသည်ကိုလည်း သမိုင်းတစ်လျှောက် တွေ့ကြုံခဲ့ကြရပေပြီ။

သာသနိကအဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဘုရားရုပ်ပွားတော်များ ဒီရေအလားတိုးပွားခဲ့သည့် ခေတ်ဖြစ်သည်။ ပုဂံအနော်ရထာမင်းသည် အိန္ဒိယမှ အသောကမင်းကြီးကဲ့သို့ သာသနာတော် သန့်ရှင်းစင်ကြယ် တိုးတက်ထွန်းကားရန် ဆောင်ရွက်ခဲ့သည်။ အယူလွဲမှားသော အရည်းကြီးများကို သာသနာပသို့ နှင်ထုတ်ခဲ့သည်။ ရှေးက သံဃာဂိုဏ်းများကွဲရာတွင် ဗုဒ္ဓ၏ တရားဓမ္မဒေသနာတော်များအပေါ် အကောက်အယူ ကွဲပြားခြင်း၊ ဝိနည်းသိက္ခာပုဒ်များကို အလျှော့အတင်းပြုလုပ်လို၍ ကွဲပြားခြင်းစသည်တို့ကို အခြေခံလေ့ရှိသည်။ အကျင့်သီလပျက်သော သံဃာများကိုကား အသောက၊ အနော်ရထာ စသည့်မင်းများက သာသနာမှ နှင်လွှတ်ခဲ့သည်။ သီရိလင်္ကာတွင်လည်း ဗုဒ္ဓဘာသာအယူမှ တိမ်းပါးသော သံဃာများကို တံဆိပ်ရိုက်၍ အဘယဂီရိကျောင်းတိုက်မှ နှင်ထုတ်ခဲ့သည်။

ဗုဒ္ဓကိုယ်တော်တိုင် မရှိတော့သည့်နောက် ယခုခေတ်ကဲ့သို့ ဓာတ်ပုံကင်မရာ၊ ရုပ်မြင်သံကြားကင်မရာ၊ အသံဖမ်းစက်၊ ရုပ်ရှင်ကင်မရာများ၊ ကက်ဆက်များ၊ ကွန်ပျူတာများ မရှိသေး၍ ထေရ်ရှင်သံဃာစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ရသည့် မြတ်ဗုဒ္ဓတရားတော်များအပေါ် အယူအကောက် လွဲမှားမှု၊ ယွင်းမှု၊ လွဲမှုများရှိလာက ငြင်းကြခုန်ကြ ဂိုဏ်းကွဲကြ ဖြစ်ရသည်။ ထို့ကြောင့်လည်း ပိဋကတ်တော်များကို ရဟန်း သံဃာတော်များက သင်္ဂါယနာတင် အတည်ပြုရခြင်းဖြစ်သည်။

ဝိနည်းကို ချိုးဖောက်၊ ဗုဒ္ဓတရားဓမ္မ(သစ္စာလေးပါး၊ အနတ္တလက္ခဏာစသည်)ကို ဆန့်ကျင်သွေဖည်မှုမျိုးကား အလဇ္ဇီများနှင့် အဓမ္မဝါဒီများသာ လုပ်ကြပေသည်။ လူဝတ်ကြောင်ဘဝစွန့်၊ ကာမဂုဏ်နယ် ကျောခိုင်းကာ ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ဖြင့် သာသနာတော်သုံးရပ်တာဝန် ထမ်းဆောင်ကြသည့် ကြည်ညိုဖွယ် ရဟန်းသံဃာများသည် မြန်မာနိုင်ငံ၌ ငါးသိန်းကျော်ရှိပြီး တစ်ကမ္ဘာလုံး၌ သန်းချီ၍ ရှိပေသည်။ အကောင်းရှိလျှင် အဆိုးကလည်း ရှိတတ်ပေရာ ရဟန်းသံဃာအချို့(အနည်းစု)၏ ဝိနည်းသိက္ခာချိုးဖောက်မှု၊ လူမှုနယ်ပယ်၌ ပါဝင်နေမှု၊ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်၌ပါဝင်နေမှုသည်ကား သာသနာတော်ကို ညှိုးနွမ်းစေနိုင်သဖြင့် ဒါယကာ၊ ဒါယိကာမပြည်သူများ စိတ်မချမ်းမြေ့ဖြစ်ရသည်။ ကမ္ဘာနှင့်ချီပြီး မတင်ပြတော့ပါ။ **မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ကွန်မြူနစ်လေးငါးမျိုး (လေးငါးအုပ်စု)၊ ဆိုရှယ်လစ်လေးငါးဆယ်မျိုး (ပါတီ ဂိုဏ်းဂဏအုပ်စုလေးငါးဆယ်မျိုး)၊ လက်ယာအမျိုးမျိုး၊ လက်ဝဲအမျိုးမျိုးကွဲပြားကာ၊ ပါတီဂိုဏ်းဂဏ၊ ဝါဒချင်းအားပြိုင် အနိုင်လုကြရာ၌လည်းကောင်း၊ မိမိတို့ အသာစီးရရန်၊ ပြိုင်ဘက်ကိုအလဲထိုးရန်၊ တည်ဆဲအစိုးရနေရာ မိမိတို့ရရှိရန် ကြိုးစားရင်း လက်နက်ကိုင်တိုက်ကြသည်။**

ဤသို့ဖြင့် ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပွားလာရသည်။ ပြည်သူတို့ အသက်အိုးအိမ်ဆုံးရှုံးကြရသည်။

ထိုသို့ မိမိတို့သာ နိုင်ရမည်၊ မိမိတို့သာ အာဏာရစေရမည်ဟု ပါတီဂိုဏ်းဂဏများစွာက စွဲပိုက်လာကြသည်။ မိမိတို့ကို ပြည်သူတစ်ရပ်လုံး (အထူးသဖြင့် မဲဆန္ဒရှင် အများစုကြီး)က လိုလားနှစ်သက်၊ ထောက်ခံကြလျှင် ရွေးကောက်ပွဲများ၌ ဒီမိုကရေစီနည်းကျ အရွေးခံရမည်။ အာဏာရမည်။ အစိုးရဖြစ်မည်။ ထိုသို့ဒီမိုကရေစီနည်းကျရွေးကောက်ပွဲ(ပြည်သူ့အဆုံးအဖြတ်)ရရန် ကိုယ့်ကိုယ်ကိုယ် မယုံရဲသူများက ဆူပူအုံကြွမှုများ ဖန်တီးလျက် အာဏာဖြတ်လမ်းနည်းကို သုံးတတ်ကြသည်။ မြန်မာ့အတိတ်၊ ပစ္စုပ္ပန်ဖြစ်ရပ်များက ထိုသရုပ်သဏ္ဌာန်ကို အထင်အရှား ဖော်ပြနေပေသည်။

ထိုသို့လူထုနည်း အစစ်အမှန်ကိုမသုံးဘဲ နိုင်ငံရေး အောက်လမ်းနည်း သုံးကြသောအခါ ပြည်သူများ သို့မဟုတ် လူတန်းစားများ၊ အလွှာများ၊ လူငယ်ကျောင်းသားများ၊ ဝန်ထမ်းများကို လှည့်ဖြားသိမ်းသွင်း အသုံးချခဲ့ကြသည်မှာလည်း သမိုင်းမှတ်တမ်းများ၌ အပ်ကြောင်းထပ်နေပေပြီ။ အဆိုးဆုံးကား ရဟန်းသံဃာ (အထူးသဖြင့် ရဟန်းငယ်)များကို လှည့်ဖြားသိမ်းသွင်း အသုံးချခြင်း ဖြစ်သည်။ ထိုလုပ်ရပ်သည် နိုင်ငံဖျက်လုပ်ရပ်၊ သာသနာဖျက်လုပ်ရပ် ဖြစ်ပေသည်။

ပြည်တွင်းနိုင်ငံရေးသမား ပါတီအဖွဲ့အစည်းအုပ်စု ဂိုဏ်းဂဏ အင်အားစုအချို့က သံဃာများကို မိမိတို့ ဘက်ပါအောင် နည်းမျိုးစုံဖြင့် သွေးထိုးကြသည်။ ပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့လုပ်ငန်းထက် ပြင်ပနိုင်ငံရေးကို စိတ်ဝင်စားပြီး ၎င်းတို့အလိုကျ ပါဝင်လှုပ်ရှားလာအောင် အချို့သောသံဃာငယ်များ၊ သံဃာလတ်များကို ကျောင်းတိုက်ပြင်ပ ဆွဲခေါ်အသုံးပြုလာကြသည်။

အချို့နိုင်ငံရေးအုပ်စုများကလည်း မိမိတို့လူ(ကေဒါ)များကို သင်္ကန်းဝတ်စေကာ သံဃာများအတွင်း ကြိုတင်မြှုပ်နှံထားကာ ကျောင်းတိုက်ရှိ သံဃာများအား စည်းရုံးသိမ်းသွင်းစေသည်။ သံဃာအများစုက ထိုထောင်ချောက်အတွင်း တိုးမဝင်ကြ၊ တိုးဝင်မိသော သံဃာအချို့လည်း မကြာမီ ဇာတ်ရည်လည်ကာ နိုင်ငံရေး ထောင်ချောက်မှ ရုန်းထွက်သွားလေ့ ရှိကြသည်ကိုလည်း သမိုင်း တစ်လျှောက် တွေ့ကြုံခဲ့ကြရပေပြီ။

၂၀၀၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်းဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုများတွင် သံဃာအချို့ ပါဝင်ခဲ့မှုများရှိခဲ့သည်။

ထိုရက်များက ရွှေတိဂုံစေတီတော်ပေါ်သို့ စီတန်းလာသော သံဃာများ တက်ရောက်ရာ ရွှေတိဂုံအရှေ့ဘက်ခြေရင်းရှိ သင်္ကန်းဆိုင်များတွင် ကတုံးနှင့်လာသော လူအတော်များများသည် သင်္ကန်းများဝယ်ပြီး သင်္ကန်းအရောင်ခြုံကာ သံဃာများနှင့်ရော၍ ဘုရားပေါ်သို့ တက်သွားသည်ကို မြင်တွေ့ကြရသည်။ သံဃာစစ်စစ်များ၏ ရိုးသားသော စီတန်းလှည့်လည်ပွဲမဟုတ်ပါ။ တစ်ကြော့ပြန် ၈၈ အရေးအခင်းဖန်တီးရန် ပြည်ပမှ ညွှန်ပြသည့်အတိုင်း မိုက်မဲစွာ လိုက်လုပ်ခဲ့ကြခြင်းဖြစ်ပါသည်။

တစ်ရက်တွင်လည်း ဗိုလ်တထောင်ဘုရားလမ်း မြောက်မှ တောင်သို့ ဦးတည်၍ ဘုရားဆီသို့ ဘုန်းကြီးအပါး ၃၀၀ ခန့် ဆန္ဒပြချီတက်လာသည်ကို တွေ့ရပြီး ကုန်သည်လမ်းနှင့် ကမ်းနားလမ်းအကြားအရောက်တွင် ဖြူဖြူဝဝကိုယ်တော်တစ်ပါးက ဆန္ဒပြသံဃာများကို တစ်ထောင်တန် ငွေစက္ကူအုပ်ကြီးထဲမှ တစ်ပါးတစ်ထောင်နှုန်း လိုက်လံဝေငှနေသည်ကို တွေ့ကြရသည်။ ပလက်ဖောင်းပေါ်မှ ရပ်ကြည့်နေသူများအားလုံး မြင်တွေ့ကြရပြီး ၎င်းတို့အချင်းချင်း ဘယ်သူက ဒီလောက်ငွေတွေအောပြီး ပေးနေတာလဲဟု ပြောနေကြသံကိုလည်း ကြားခဲ့ရပါသည်။

ထိုရက်များအတွင်း ဘုန်းတော်ကြီးကျောင်း ၁၈ ကျောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်ခဲ့ရာ အချို့ကျောင်းများ၌ ရဟန်းသံဃာတော်များနှင့် မအပ်စပ်သည်များကို တွေ့ရှိရကြောင်း သိရှိရပါသည်။

ပြည်တွင်းပြည်ပအဖျက်သမားများသည် ၎င်းတို့အာဏာရရှိရေးအတွက် သံဃာတော်များကို ခုတုံးလုပ် အသုံးချခဲ့ကြကြောင်း တွေ့ရှိနိုင်ပေသည်။ ဆရာတော်သံဃာတော်ကြီးများအနေဖြင့် သာသနာ့ဝန်ထမ်းရဟန်းသာမဏေများ ဂန္ထဓုရ၊ ဝိပဿနာဓုရ ကိုသာ အားထုတ်ကြရေးအတွက် ညွှန်ကြားလှော ထုတ်ပြန်ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားလှောထုတ်ပြန်ခြင်း၊ သာသနာ့ဝန်ထမ်းရဟန်းသာမဏေများသည် ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရန် ညွှန်ကြားလှောထုတ်ပြန်ခြင်း၊ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးနွမ်းစေသော အမှုများကို ကျူးလွန်သော ရဟန်းသာမဏေများအား အရေးယူရေးအတွက် ညွှန်ကြားလှော ထုတ်ပြန်ခြင်းနှင့် တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ ဖြစ်စေ၊ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ဆန့်ကျင်၍ အကြမ်းဖက်မှု ကျူးလွန်နေကြသော ရဟန်းသာမဏေများအား အရေးယူဆောင်ရွက်ရန် ညွှန်ကြားလွှာများထုတ်ပြန်ခြင်း စသည်ဖြင့် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ကြပ်မတ်ထိန်းသိမ်းလျက် ရှိပါသည်။ ရဟန်းသံဃာများအနေဖြင့်လည်း နိုင်ငံတကာမှ အထင်ကြီးလေးစားလျက်ရှိသည့်အတိုင်း ဗုဒ္ဓဘာသာဦးဆောင်နိုင်ငံအဖြစ် တည်ရှိနေသည့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်ပါသည်။

"ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါမြူးကွန့် အဓွန့်ရှည်စွာ တည်စေသောဝ်"

တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသည့် ပျူမြို့ပြနိုင်ငံများခေတ်တွင် လမ်းအသွယ်သွယ်မှ ဝင်လာသော ဗုဒ္ဓသာသနာတော် ရောက်ရှိလာပြီဖြစ်သည်။ ပုဂံခေတ်ကား ဗုဒ္ဓအနုပညာ၊ သာသနိကအဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဘုရားရုပ်ပွားတော်များ ဒီရေအလားတိုးပွားခဲ့သည့် ခေတ်ဖြစ်သည်။ ပုဂံအနော်ရထာမင်းသည် အိန္ဒိယမှ အသောကမင်းကြီးကဲ့သို့ သာသနာတော် သန့်ရှင်းစင်ကြယ် တိုးတက်ထွန်းကားရန် ဆောင်ရွက်ခဲ့သည်။ အယူလွဲမှားသော အရည်းကြီးများကို သာသနာပသို့ နှင်ထုတ်ခဲ့သည်။ ရှေးက သံဃာဂိုဏ်းများကွဲရာတွင် ဗုဒ္ဓ၏တရားဓမ္မဒေသနာတော်များအပေါ် အကောက်အယူ ကွဲပြားခြင်း၊ ဝိနည်းသိက္ခာပုဒ်များကို အလျှော့အတင်းပြုလုပ်လို၍ ကွဲပြားခြင်း စသည်တို့ကို အခြေခံလေ့ရှိသည်။ အကျင့်သီလပျက်သော သံဃာများကိုကား အသောက၊ အနော်ရထာ စသည့် မင်းများက သာသနာမှ နှင်လွှတ်ခဲ့သည်။ သီရိလင်္ကာတွင်လည်း ဗုဒ္ဓဘာသာအယူမှ တိမ်းပါးသော သံဃာများကို တံဆိပ်ရိုက်၍ အဘယဂီရိကျောင်းတိုက်မှ နှင်ထုတ်ခဲ့သည်။

ပဲခူးမြစ်ကျော် တာဝါတိုင်တည်ဆောက်မှုလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်း သာကေတဓာတ်အားပေးစက်ရုံမှ ဘုရားကုန်း(သန်လျင်) ပင်မဓာတ်အားခွဲရုံသို့ သွယ်တန်းမည့် ၂၃၀ KV နှစ်သွင်သုံးကြိုးနှစ်ထပ် မဟာဓာတ်အားလိုင်း တာဝါတိုင်စိုက်ထူခြင်း စီမံကိန်းနေရာသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းအထူးအဖွဲ့(၁)မှ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဌေးက သာကေတ-သန်လျင် ၂၃၀ KV မဟာဓာတ်အားလိုင်း (ပဲခူးမြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဘုရားကုန်း(သန်လျင်) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ပဲခူးမြစ်ကျော် (သာကေတ-သန်လျင်) ၂၃၀ KV မဟာဓာတ်အားလိုင်း တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းသည် မြစ်အတွင်း တာဝါတိုင်များ ပထမဆုံး တည်ဆောက်သည့် စီမံကိန်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်အတွက် ၂၃၀ KV မဟာဓာတ်အားလိုင်း မြစ်ကျော် တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းသည် အဓိကကျ အရေးပါလျက်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သဲဖြူချောင်းကျေးရွာအနီးရှိ ၂၃၀/၃၃/၁၁ KV (၁၀၀ MVA) ဘုရားကုန်း (သန်လျင်) ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား ဓာတ်အားခွဲရုံ Control Room ခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ (၁)ရုံး ရန်ကုန်မှ စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်နှင့် သန်လျင်ပင်မဓာတ်အားခွဲရုံမှူး ဦးစိုးညွှန့်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ဦးစားပေးအဆင့်အလိုက် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဓာတ်အားခွဲရုံများ၌ ဆက်သွယ်မှုကွန်ရက် မပြတ်တောက်စေရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပင်မဓာတ်အားခွဲရုံဝင်း အတွင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး နေပြည်တော်၌ ကြားနာ

နေပြည်တော် အောက်တိုဘာ ၂၄

တရားရုံးချုပ်(ရန်ကုန်) ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ် (၁) ၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၄

မော်လမြိုင်ကောလိပ် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မော်လမြိုင်ကောလိပ်၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် အသက်(၆၅)နှစ်ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့်လည်း အလှူငွေများကို ဦးရဲမြင့်(၇၂-ဓာတု) ဖုန်း-၂၂၅၉၇၉၊ ၀၉ ၅၀၀၀ ၇၆၉၊ ဦးဝင်းနိုင်(၇၅-သင်္ချာ) ဖုန်း-၂၀၁၈၆၇၊ ၀၉ ၅၁၀၉၄၄၁၊ ဦးမြင့်လွင် (၇၃-ရုက္ခ) ဖုန်း-၂၀၄၀၂၁၊ ၀၉ ၅၀၁၅၆၈၄၊ ဦးဝင်းတီ (၇၂-ရူပ) ဖုန်း-၀၉၅၁၁၈၁၈၄၊ ဒေါ်ရီရီမြင့် (၆၉-ဓာတု) ဖုန်း-၆၅၀၄၀၅၊ ၅၆၆၉၇၆၊ ဦးညီညီဝင်း-ဒေါ်စန်းစန်းဌေး(၆၉-ရူပ၊ ဓာတု) ဖုန်း-၅၁၉၁၀၂၊ ၅၃၈၇၈၈ လိုင်းခွဲ ၁၀၀၁/၁၀၀၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် အလုံမြို့နယ် ကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိကြပြီး အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က သင်္ဘောကျင်းကြီးတစ်ခုလုံး၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အလုံသင်္ဘောကျင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးအောင်က အင်ဂျင်နီယာဌာနကို သင်္ဘောကျင်းခြောက်ကျင်း၊ စက်ပြင်ဌာနခွဲတစ်ခု၊ ရေယာဉ်စု အင်ဂျင်နီယာဌာနခွဲတစ်ခုတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ အလုံသင်္ဘောကျင်းသည် သင်္ဘောကျင်းခြောက်ကျင်းအနက် ဒုတိယအကြီးဆုံး သင်္ဘောကျင်းအဖြစ် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းတွင် သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၇) လွှန်းလမ်းတွင် ကျင်းတင်ပြုပြင်သော ရေယာဉ်များ ပြုပြင်နေမှု၊ တန်ချိန် ၁၂၀၀ ကုန်တွဲ ရေယာဉ်သစ် အသစ်တည်ဆောက်နေမှု၊ တန် ၂၅၀ အမှတ်(၃) တွဲယာဉ်သစ် တည်ဆောက်နေမှု၊ မူလနှစ်ထပ် ခရီးသည်တင် ရေယာဉ်အား ကုန်တင်ရေယာဉ်သစ်အဖြစ် ပုံစံပြောင်းလဲ အသစ် တည်ဆောက်နေမှု၊ လွှန်းကျင်းအသစ် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ သွားရောက်ကြပြီး မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ(ရုံးခန်း)၌ မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ ဦးညွှန့်အောင်က သယ်ယူပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲရုံး၏ ဖွဲ့စည်းပုံ၊ မြို့နယ်အသီးသီးရှိ ဌာနခွဲရုံး၊ မြို့နယ်မန်နေဂျာရုံးများ၏ လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ဝန်ဆောင်မှုကို အလေးထား ဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်၍ ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် အသုံးစရိတ်များ အလေအလွင့်မရှိအောင် စနစ်တကျ ချွေတာသုံးစွဲကြရေး၊ ရေယာဉ်များ အချိန်မှန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် ခရီးသွားလာနိုင်ရေး၊ ရေယာဉ်လိုက်ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်ရေး၊ ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဌာနအလိုက် ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အမှတ်(၅၀)ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရုံးချုပ်သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က ဝန်ထမ်းဖွဲ့စည်းပုံ၊ ရေယာဉ်/တွဲယာဉ်များ ပြေးဆွဲနိုင်မှုနှင့် လုပ်ငန်းများ လျာထားချက်နှင့် ဆောင်ရွက်နိုင်မှု၊ ၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေးအခြေအနေ၊ စက်သုံးဆီရရှိမှုနှင့် သုံးစွဲမှု၊ ရေယာဉ်များ အကြီးစား၊ အသေးစား ပြင်ဆင်မှု၊ ရေယာဉ်/ တွဲ ယာဉ်သစ်များ တည်ဆောက်ပေးနိုင်မှုနှင့် သက်ဆိုင်ရာ ဌာနမှူးများက ဌာနအလိုက် ဌာနလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဝင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လက်ခံယူ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်း ဘောဂလမ်းနေ ဒုတိယဗိုလ်မှူးကြီးခင်မောင်အေး- ဒေါ်ယဉ်ယဉ်မေမိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးမြသိန်း၊ ဦးစိန်ဦးနှင့် ဦးစောကြိုင်တို့ လက်ခံယူစဉ်။ (က-ပ)

သွေးဆေးကန်အရှင်နန္ဒာစရိယ (ခက်သင်) တရားစခန်းပွဲ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စိန်ရွှေကုန်းကျေးရွာ မိုးကုတ်ဝိပဿနာဇနိတာရာမတောရဓမ္မရိပ်သာကြီး၌ တစ်လတစ်ကြိမ် ကျင်းပသော (၁၀)ရက် တရားစခန်းပွဲ၌ နိုဝင်ဘာ ၄ ရက်မှ ၁၃ ရက် (သီတင်းကျွတ်လပြည့်ကျော် ၉ ရက်မှ တန်ဆောင်မုန်းလဆန်း ၄ရက်)အထိ ကျင်းပမည့် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

❍ စာမျက်နှာ ၅ မှ

တိုးပွားလာခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် နှစ်ဆနီးပါး တိုးပွားလာခြင်းပင် ဖြစ်ကြောင်း၊ ထို့အပြင် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံ ၁၂နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာရှနိုင်ငံများ မှန်လုံအိမ်ဓာတ်ငွေ့ အနည်းဆုံးထုတ်လုပ်မှုနည်းဗျူဟာစီမံကိန်းတွင် မြန်မာနိုင်ငံလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

(၂၁)ရာစုတွင် ကမ္ဘာ့ကွန်ရက်ဆက်သွယ်မှု ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ ကမ္ဘာကြီးသည်လည်း ပို၍ပို၍ ဆက်စပ်လာပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စတွင်ဖြစ်စေ၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွင်ဖြစ်စေ လူသားအားလုံး အဆင်ပြေအကျိုးရှိစေရေးဦးတည်ပြီး စုပေါင်းဆောင်ရွက်မှု၊ သုံးသပ်ဆုံးဖြတ်လိုမှုတို့သည် ပို၍ လိုအပ်လာပြီဖြစ်ကြောင်း၊ ကမ္ဘာ့စည်းဝေးခန်းမကြီးတွင် အင်အားကြီးနိုင်ငံများ၏ အင်အားဖက်ပြိုင်ကစားနေမှုကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ဘောင်ခတ်ခံရသည့်အခြေအနေ မဖြစ်လာစေသင့်ဘဲ ကမ္ဘာ့ဥသျှောင်အဖွဲ့ကြီးကို စတင်အုတ်မြစ်ချ ထူထောင်ပေးခဲ့သော ကမ္ဘာ့ခေါင်းဆောင်ကြီးများ ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့်အညီသာ တက်ကြွစွာ ဆောင်ရွက်ကြဖို့သင့်ပါကြောင်းကို ပြောကြားလိုပါကြောင်း။

ယနေ့ ထူးမြတ်သောနေ့အခါသမယတွင် ကမ္ဘာကြီး၏ ပြဿနာအစစ်အမှန်များကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဝိုင်းဝန်းပံ့ပိုးပေးကြမည်ဆိုသည့်သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာ ထပ်မံချမှတ်ကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဖတ်ကြားသည်။

(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သဝဏ်လွှာကို ရှေ့ဖုံးနှင့် စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petrie က ဖတ်ကြားပြီး ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအမှူးပြုသော သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E Mr. Mark Canning သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၇ မှ

ဓမ္မဇေယျကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ် ကျောက်စာတော် အရှေ့ကျောင်းတိုက်၊ ဓမ္မဝေပုလ္လကျောင်းတိုက်၊ ဇေယျသုခကျောင်းတိုက်၊ ဒဂုံအရှေ့မြို့နယ် တက္ကသီလာ မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်၊ သုဝဏ္ဏမြို့ ဇေယျသုခကျောင်းတိုက်၊ ဒဂုံတောင်မြို့နယ် ခေမာသီရကျောင်းတိုက်တို့မှလည်း အစိုးရဆန့်ကျင်သော စာရွက်စာတမ်းများ၊ ညစ်ညမ်းဗွီစီဒီအခွေများ၊ ညစ်ညမ်းစာအုပ်နှင့် ဓာတ်ပုံများ၊ ကွန်ဒုံးများ၊ ကာမအားဆေးများ၊ သန္ဓေတားဆေးများ၊ မိန်းမအသုံးအဆောင်ပစ္စည်းများ၊ ဂျင်ကလိ၊ လေးခွ၊ သံတုတ်၊ ဓား၊ စကေဘာအစရှိသည့် လက်နက်များ၊ နိုင်ငံခြားငွေများ၊ အရက်ပုလင်းများ၊ နှစ်လုံး၊ သုံးလုံးနှင့် ဘောလုံးလောင်းကစားဒိုင် ဘောက်ချာစာအုပ်များ စသည့် သံဃာတော်နှင့် မအပ်စပ်သော အသုံးအဆောင်ပစ္စည်းများကို သက်သေများရှေ့တွင် ရှာဖွေပုံစံနှင့်တကွ သိမ်းဆည်းရမိခဲ့ပါတယ်ဘုရား။

ဒါတွေကိုကြည့်ခြင်းအားဖြင့် ဩဂုတ်လနဲ့ စက်တင်ဘာလအတွင်း သံဃာဆူပူဆန္ဒပြမှုများဖြစ်ပွားအောင် ကြိုးကိုင်စီမံလှုံ့ဆော် ဆောင်ရွက်သွားတဲ့ သံဃာတပ်ပေါင်းစုရဲ့ ဦးဆောင်သံဃာအများစုဟာ သင်္ကန်းအရေခြုံထားတဲ့ ထောင်ထွက်တွေ၊ သံဃာ့ဝိနည်းသိက္ခာနဲ့ မညီညွတ်တဲ့ မိန်းမယူခြင်း၊ အရက်သောက်ခြင်း၊ ချဲထီလောင်းကစားဒိုင်ကိုင်ခြင်း၊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့များနဲ့ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊ ငွေကြေးထောက်ပံ့မှုများ လက်ခံခြင်း၊ ပြည်ပအထိသွားရောက်ပြီး နိုင်ငံရေးဆန့်ကျင်မှုသင်တန်းများ တက်ရောက်ခြင်း စတာတွေကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြသူများဖြစ်ကြောင်း၊ သာသနာနှင့်ဆန့်ကျင်သည့်လုပ်ရပ်များကို ချိုးဖောက်ကျူးလွန်ခဲ့ပြီးမှ သာသနာ့ဘောင်ပြန်ဝင်ကာ ဆူပူအုံကြွမှုကို ကြိုးကိုင်ခဲ့ကြခြင်းဖြစ်ကြောင်း ထင်ရှားစွာ သုံးသပ်တွေ့ရှိနိုင်ပါတယ်ဘုရား။

နောက်တစ်ချက်က ပြည်ပရောက် သံဃာများရဲ့ လှုပ်ရှားမှုအချို့ကိုလည်း ဆက်လက်လျှောက်ထားတင်ပြလိုပါတယ်ဘုရား။ ပြည်ပြေးများရဲ့ စည်းရုံးမှုကြောင့် မြန်မာနိုင်ငံတော်အား ဆန့်ကျင်လျက်ရှိသော အမေရိကန်နိုင်ငံရှိ ဘုန်းကြီးကျောင်း အနည်းငယ်မှ သံဃာအချို့ကလည်း မြန်မာနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် အမေရိကန်နိုင်ငံသမ္မတ ဘုရှ်အား တွေ့ဆုံဆွေးနွေးခွင့်ရရန် ကြိုးပမ်းလျက်ရှိကြောင်းလည်း သိရှိရပါတယ်ဘုရား။ ဒါ့အပြင် အမေရိကန်ရောက် ဆရာတော် ဦးပညာဝံသရဲ့ သက်တော်(၈၀)ပြည့် မွေးနေ့ပွဲကို လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပရန်ရှိကြောင်း၊ ၎င်းမွေးနေ့ပွဲသို့ ယခင် မြန်မာနိုင်ငံ မစိုးရိမ်တိုက်ဟောင်းတွင် သီတင်းသုံးခဲ့ဖူးသော ထောင်ကျခဲ့ဖူးသည့် ဦးကောဝိဒက အမေရိကန်ရောက် သံဃာအချို့ကို စည်းရုံးဦးဆောင်ပြီး တက်ရောက်မည်ဖြစ်ကြောင်းနဲ့ ၎င်းအခမ်းအနားတွင် သံဃာ့ဥသျှောင်အဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြားသိရပါတယ်ဘုရား။ အဆိုပါဖွဲ့စည်းမည့် သံဃာ့ဥသျှောင်အဖွဲ့ကို အမေရိကန်နိုင်ငံအကြီးအကဲတစ်ဦးက တွေ့ဆုံပြီး တပည့်တော်တို့ မြန်မာနိုင်ငံအပေါ် ပူးပေါင်းလုပ်ကြံထိုးနှက်ရန်ရှိကြောင်းလည်း သိရှိရပါတယ်ဘုရား။ သို့သော် အမေရိကန်ရှိ မြန်မာဘုန်းတော်ကြီးကျောင်း အများအပြားနှင့် သံဃာအများစုကမူ နိုင်ငံတော်အား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိကြဘဲ မိမိတို့၏ သာသနာ့တာဝန်များကိုသာ ထမ်းဆောင်လျက် ရှိကြကြောင်း သိရပါတယ်ဘုရား။

အရှင်ဘုရားများ သိတော်မူတဲ့အတိုင်း အမေရိကရောက်နေတဲ့ သံဃာများအနက် အချို့ဟာ ၈၈ အရေးအခင်းကတည်းက ယခု ပြည်တွင်းမှာရှိနေတဲ့ နတ်စောတို့၊ ပနားမားတို့၊ နဂါးတို့၊ ညီညီလွင်တို့လို ပြစ်မှုမျိုးတွေနဲ့ ပြည်ပကို ထွက်ပြေးတိမ်းရှောင်သွားကြသူများဖြစ်ပါတယ်ဘုရား။ ယခု စက်တင်ဘာလ သံဃာဆူပူမှုမှာ ထွက်ပြေးတိမ်းရှောင်သွားကြတဲ့ နောက်ကွယ်က ကြိုးကိုင်သူ သံဃာဦးဆောင်အဖွဲ့ဝင် တွေဟာလည်း အခုအချိန်မှာ အမေရိကကို ရောက်ကောင်းလည်း ရောက်သွားနိုင်ပါတယ်ဘုရား။ ဒါကြောင့် အဲဒီမှာရှိနေတဲ့ သံဃာအချို့ဟာ တည်ဆဲဥပဒေနဲ့ဆန့်ကျင်တဲ့ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ထားတဲ့ အပြစ်ရှိသူတွေဖြစ်တဲ့အတွက် သံဃာစစ်စစ်လို့ သတ်မှတ်နိုင်မှာမဟုတ်သလို အဲဒီလက်တစ်ဆုပ်စာ သံဃာအတုအယောင်တွေဟာလည်း တပည့်တော်တို့ မြန်မာနိုင်ငံမှာရှိနေတဲ့၊ ဝိနည်းသိက္ခာနဲ့အညီ ကျင့်ကြံနေထိုင်အားထုတ်လျက်ရှိတဲ့ သံဃာထုတစ်ရပ်လုံးကို ဘယ်လိုမှ ကိုယ်စားမပြုနိုင်ဘူးဆိုတာ ထင်ရှားလှပါတယ်ဘုရား။ တပည့်တော်တို့ မြန်မာပြည်သူများက ယုံကြည်လေးမြတ်စွာ ကိုးကွယ်ဆည်းကပ်ခြင်းခံရတဲ့ သံဃာတွေလည်း မဟုတ်ပါဘူးဘုရား။ ဒါကြောင့် အမေရိကမှာ သံဃာ့ဥသျှောင်အဖွဲ့ပဲခေါ်ခေါ်၊ သံဃာ့သမဂ္ဂီပဲခေါ်ခေါ် သံဃာအတုအယောင်အချို့ ပါဝင်ပူးပေါင်း ဖွဲ့စည်းထားတဲ့ အဲဒီလိုအဖွဲ့တွေဟာ ဘယ်လိုနည်းလမ်းနဲ့မှ တရားဝင် မဖြစ်နိုင်ပါကြောင်း လျှောက်ထားအပ်ပါတယ်ဘုရား။

ဒါ့အပြင် အမေရိကန်နိုင်ငံမှာ ဖွဲ့စည်းမယ့် သံဃာ့ဥသျှောင်အဖွဲ့ဆိုတာဟာလည်း တပည့်တော်တို့ မြန်မာနိုင်ငံက စစ်မှန်တဲ့ သံဃာထုတစ်ရပ်လုံးအတွက် ကိုယ်စားမပြုပါဘူးဘုရား။ တပည့်တော်တို့နိုင်ငံမှာ သံဃမဟာနာယကအဖွဲ့ရဲ့ ဦးဆောင်မှုအောက်မှာ သံဃာ့ဂိုဏ်းပေါင်းစုံအဆင့်ဆင့်ကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီးဖြစ်ပါတယ်ဘုရား။ အဲဒီသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဟာလည်း သက်ဆိုင်ရာ ဝိနည်းတွေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းဥပဒေ၊ သတ်မှတ်ပြဋ္ဌာန်းချက်တွေနဲ့အညီ အခိုင်အမာ တည်ရှိနေခြင်းဖြစ်ပါတယ်ဘုရား။ အမေရိကန်သမ္မတတစ်ဦးအနေနဲ့လည်း သံဃာအတုအယောင်အချို့ပါ ပါဝင်ဖွဲ့စည်းထားတဲ့ တရားမဝင် သံဃာ့လက်တစ်ဆုပ်စာကို မြန်မာနိုင်ငံမှာရှိတဲ့ သံဃာထုကြီးကို ကိုယ်စားပြုသယောင် ဝါဒဖြန့် အသုံးချနိုင်ဖို့အတွက် အခုလိုစီမံဆောင်ရွက်လာခြင်းဟာ ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိပါကြောင်း လျှောက်ထားအပ်ပါတယ်ဘုရား။

တပည့်တော် အထက်မှာ တင်ပြလျှောက်ထားခဲ့တဲ့အတိုင်း သံဃာဆူပူဆန္ဒပြမှုများဖြစ်ပွားအောင် သံဃာအတုအယောင်များရဲ့နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ခြေရှုပ်မှုတွေဟာ သာသနာရေးနဲ့ နိုင်ငံရေး ရောထွေးအောင်လုပ်ပြီး ရိုးသားတဲ့၊ မသိနားမလည်တဲ့၊ လူမှုဗာဟီရကိစ္စများနဲ့ အကျွမ်းတဝင်မရှိတဲ့ ရဟန်းသံဃာများကို မလိမ့်တစ်ပတ် အသုံးချသွားခြင်းသာဖြစ်ပါတယ်ဘုရား။ အဲဒီသံဃာအတုအယောင်တွေဟာ ပရိယတ်၊ ပဋိပတ်ဆိုင်ရာ သာသနာတော်ကိစ္စရပ်တွေကို အလေးထား ဆောင်ရွက်ရမယ့်အစား သံဃာ့အရေကိုခြုံ၍ ၎င်းတို့နေထိုင်တဲ့ ဘုန်းကြီးကျောင်းတိုက်များကို အခြေပြုကာ နိုင်ငံရေးပါတီများ၊ ၈၈ မျိုးဆက်ကျောင်းသားဆိုသူများနှင့် ဆက်သွယ်၍ ဆူပူဆန္ဒပြအကြမ်းဖက်ခြင်း၊ နိုင်ငံတော်ကိုဆန့်ကျင်သော စာရွက်စာတမ်းများ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ ပြည်ပမီဒီယာများနှင့်ချိတ်ဆက်၍ ဆန့်ကျင်မှုများ၊ အကြမ်းဖက်မှုများအတွက် သွေးထိုးလှုံ့ဆော်ခြင်း၊ ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများထံမှ ငွေကြေးပစ္စည်းအထောက်အပံ့များရယူခြင်း၊ ဥပဒေနှင့်မလွတ်ကင်းသော လုပ်ငန်းများ၊ လောင်းကစားဒိုင်များ လက်ခံဖွင့်လှစ်ခြင်း၊ သာသနာနှင့်မအပ်စပ်သော အိမ်ရာထောင်မှုများ၊ စီးပွားရှာမှုများ ဆောင်ရွက်ခြင်း စတာတွေဟာ သာသနာ့အရေခြုံပြီး သာသနာကိုညှိုးနွမ်းအောင် ဖျက်ဆီးနေကြခြင်းသာဖြစ်ပါတယ်ဘုရား။

တပည့်တော်တို့အနေဖြင့်လည်း သံဃာနှင့်ပတ်သက်သော ကိစ္စများကို တိုင်တည်ဖြေရှင်းရာမှာ အမှားအယွင်း နည်းနိုင်သမျှနည်းအောင် ကြီးစွာသော သတိထား၍ ဆောင်ရွက်နေကြပါတယ်ဘုရား။ အထက်တွင် ဖော်ပြလျှောက်ထားခဲ့သည့် နိုင်ငံတော်အပေါ် ဆန့်ကျင်သည့်ကိစ္စများနှင့် ဒုစရိုက်မှုခင်းများကို လျှောက်ထားရသည်မှာ လွန်စွာမှပင် စိတ်ပင်ပန်း ဝန်လေးလှပါတယ်ဘုရား။ သို့သော် တစ်ဖက်မှာလည်း အကြောင်းအကျိုးအကောင်းအဆိုးကို ဆရာတော်ကြီးများ သိရှိထားခြင်းအားဖြင့် တပည့်သံဃာငယ်များအား သာသနာဖျက်မည့် အန္တရာယ်မှ လွတ်ကင်းအောင် ကာကွယ်တားဆီးဆုံးမနိုင်မယ်လို့ ယုံကြည်ပါသောကြောင့် မကောင်းသောသတင်းဆိုးကို စိတ်ချမ်းမြေ့ခြင်းမရှိဘဲ ဝန်လေးစွာဖြင့် လျှောက်ထားရခြင်းဖြစ်ပါတယ်ဘုရား။ တပည့်တော်တို့အနေနဲ့ သာသနာတော်ကြီးနဲ့ နိုင်ငံတော်ကို အပျက်အစီး၊ အဆုံးအရှုံးမခံနိုင်တဲ့အတွက် တာဝန်အရ မလွှဲမရှောင်သာ ဆောင်ရွက်ရသည်များကို ဆရာတော်ကြီးများအနေဖြင့် စာနာထောက်ထား နားလည်သည်းခံ ခွင့်လွှတ်တော်မူနိုင်ကြပါရန် လျှောက်ထားအပ်ပါတယ်ဘုရား။

တပည့်တော်တို့အနေဖြင့်မူ သာသနာတော်ကို လေးမြတ်ယုံကြည်စွာဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒဟူသော သာသနာသုံးရပ်ကို အပတ်တကုတ်ကြိုးပမ်းကျင့်ကြံလျက် သာသနာ့ဝန်ကို ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်ဘုရား။ သို့ပါ၍ သာသနာတော်ကို လေးမြတ်ယုံကြည်စွာဖြင့် သာသနာ့ဝန်ကို ဝိနည်းတော်များနဲ့အညီ ကျင့်ကြံအားထုတ်လျက်ရှိကြသော ဆရာတော်၊ သံဃာတော်များအနေဖြင့် စိုးရိမ်ကြောင့်ကြရန် မရှိပါဘုရား။ ထို့အတူ သာသနာတော်ကို စောင့်ရှောက်လျက်ရှိကြကုန်သော ဆရာတော်အရှင်သူမြတ်များက အမျိုး၊ ဘာသာ သာသနာအကျိုးကို မျှော်ကိုးလျက် လမ်းညွှန်ဩဝါဒ မိန့်ကြားရန်ရှိပါက မိန့်ကြားပေးတော်မူပါရန် ဘုရားတပည့်တော်ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ ဘုရားဖြင့် လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ မြွက်ကြားတော်မူသည့် ဩဝါဒကထာကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အမှူးပြုသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပရိသတ်တို့က နာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ညနေ ၄နာရီ ၁၅မိနစ်တွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျောင်းတိုက်တည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၄

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီး၌ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရဦးစီး၍ ကျောင်းတိုက် စတင်တည်ဆောက်နေပြီဖြစ်ပါ၍ ဒါယကာ၊ဒါယိကာမများအနေဖြင့် ၁၀ ပေပတ်လည် တစ်ခန်းလျှင် ကျပ် ၁၀သိန်းဖြင့် ဖုန်း-၀၉-၂၁၃၀၈၉၅၊၀၇၂-၂၂၁၇၀၊ ၀၁-၇၀၈၄၀၃၊ ၀၉-၉၉၇၀၄၈၆၊ ၀၉-၂၁၃၃၀၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဇနီးတို့ ရန်ကုန်တိုင်းမှ စာရေးဆရာ ပျဉ်းမနား မြင့်လှိုင်ဦးစီးသည့် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ "တောင်စွန်းအောင်တိုး" ၏ "တော်ဝင်" ရုပ်စုံ မဟာဒုက်ဇာတ်တော် ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ "တော်ဝင်" ရုပ်စုံ မဟာဒုက်ဇာတ်တော်ကြီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာလူမျိုးတို့သည် ကုသိုလ်၊ "အ"ကုသိုလ်တရားများ၏ အကျိုးဆက်များကို ကောင်းစွာသိရှိနားလည် လက်ခံထားကြသူများဖြစ်ပေရာ အထူးသဖြင့် ကမ္မသက္ကတ၊ ဉာဏ်တိ၊ သိရှိနားလည်သူများဖြစ်ကြသည်။

သို့သော်လည်း အလှူခံမြတ်၊ ရွေးချယ်အပ်သည်ဆိုသော စကားရပ်ကိုကား သတိချပ်သဘော ပေါက်ကာ မြတ်သည့်အလှူဒါနများကို ရွေးချယ်လှူဒါန်းသင့်ကြောင်းနှင့်(သဒ္ဓမ္မာသာဝန်) အတိဒုလ္လဘဟု ဆိုအပ်သော ထူးမြတ်သည့် သာသနာကြီးအတွက် ကြုံကြိုက်နေသဖြင့် ညောင်စေ့ငယ်မျှသော အလှူဒါနပင်ဖြစ်လင့်ကစား စေတနာကောင်းလျှင် ညောင်ပင်ကြီးပမာဏ အကျိုးပေးကြောင်း၊ (ပုဗ္ဗ-မုဥ္စ-ပရ) စေတနာ အချိုး ညီမျှစွာထားတတ်ပါက သိကြားနတ်ပင် ကူညီမစ ချီးမြှင့်ရခြင်းများဖြင့် ဖွဲ့ညွှန်းကာ စေတနာကို ပြဋ္ဌာန်းထားခြင်း ရည်ရွယ်ချက်နှင့် အနှစ်သာရများနှင့်အညီ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ)၌ကျင်းပရာ ရန်ကုန်တိုင်းမှ စာရေးဆရာ ပျဉ်းမနား မြင့်လှိုင် ဦးစီးသည့် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ "တောင်စွန်းအောင်တိုး" တို့၏"တော်ဝင်"ရုပ်စုံ မဟာဒုက် ဇာတ်တော်ကြီးပြိုင်ပွဲကို ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ နေပြည်တော် လယ်ဝေးမြို့နယ်နှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ ပြည်သူများ၊ နေပြည်တော်ရေဆင်းရှိ အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါရန်ကုန်တိုင်းမှ "တော်ဝင်" ရုပ်စုံစင်တော်ကြီးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ပျဉ်းမနားမြင့်လှိုင်၊ ဇာတ်ညွှန်းဒါရိုက်တာအဖြစ် တောင်စွန်းအောင်တိုး၊ ဆို၊ ငို၊ ပြောများအဖြစ် ဇင်မာဝင်း၊ ဦးစိုးဝင်းထိုက်၊ ဦးရဲဝင်းနိုင်၊ ဦးထွန်းလွင်၊ ဦးသန်း ထွန်းလင်းနှင့် ဦးနိုင်လင်းတို့က ဆောင်ရွက်ကြကာ ရုပ်သေးကြိုးဆွဲများအဖြစ် မေသူဝင်း၊ မောင်မောင်မင်းကြည်၊ ဦးမင်းသိန်း၊ ဒေါ်ပပမျိုးနှင့် ဒေါ်ဝင်းဝင်းမြင့်တို့က ဆောင်ရွက်ကြပြီး ဒေါ်ချောကလျာအေးနှင့် ဦးအောင်ကိုလတ်တို့က ပံ့ပိုးကူညီကြသည်။

ဇာတ်ပို့ တေးဂီတပညာရှင်များအဖြစ် တီးဝိုင်းခေါင်းဆောင် ပန်တျာစိန်လှမြိုင်၊ မောင်းတီး မင်းမင်းစိုး၊ ပတ်မတီးဟန်ဝင်းအောင်၊ နဲ့ အောင်မင်းဦး၊ ကြေးတီး မောင်မောင်ဆင့်၊ လင်းကွင်းတီး ဦးလှသန်းနှင့် စည်း၊ ဝါးတီး မင်းအောင်တို့က ဆောင်ရွက်ကြသည်။

အဆိုပါ "တော်ဝင်" ရုပ်စုံစင်တော်ကြီး အဖွဲ့၏ မဟာဒုက်ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဗာရာဏသီမင်းညီလာခံ၊ နိဗ္ဗာန်ဆော်၊ ဆွမ်း၊ အလှူစာရင်းကောက်ခန်း၊ မဟာဒုက်အိမ် နိဗ္ဗာန်ဆော်လာ၍ အလှူစာရင်းကောက်ခန်း၊ သူဌေးအိမ် မဟာဒုက် အလုပ်တောင်းခန်း၊ မဟာဒုက် ဇနီးမောင်နှံ အလှူအတွက် ပြင်ဆင်ခန်း၊ သိကြားမင်း မဟာဒုက်အိမ်သွားရန် ပြင်ဆင်ခန်း၊ လူငယ်များ ဆွမ်းချက်ရန် နှိုးဆော်ခန်း၊ တံငါသည်က မဟာဒုက်အား ငါးကြင်းပေးခန်း၊ မဟာဒုက်အိမ် သိကြားမင်းလာ၍ သံဃာ ပင့်ခိုင်းခန်း၊ နိဗ္ဗာန်ဆော်မဟာဒုက်ကို ဘုရားထံ ညွှန်းခန်း၊ ဘုရားရှင်၏ သပိတ်တော် မဟာဒုက် လှူဒါန်းခွင့်ရခန်းနှင့် ဗာရာဏသီမင်း မဟာဒုက်အိမ်လိုက်၍ ဆွမ်းစစ်ဆေးခန်းတို့ကို ကဏ္ဍအလိုက် ရုပ်စုံသဘင်အဖြစ် ဖျော်ဖြေတင်ဆက်ရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများက တစ်ခဲနက်အားပေးကြသည်။ (သတင်းစဉ်)

စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ ပြည် ပြဇာတ် မန္တလေးတိုင်းကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၄

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယနေ့ည ၇ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု မျိုးနန္ဒနှင့်အဖွဲ့က ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်သည်။

အဆိုပါ ပြဇာတ်ပြိုင်ပွဲသို့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဇနီး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော် ပျဉ်မနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

"စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ကို ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်ရာတွင် ကြီးကြပ်စီစဉ်ညွှန်ကြားသူ မြို့တော် မောင်ယဉ်အောင်၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ချစ်စရာ(မန္တလေး)၊ တွဲဖက်ဒါရိုက်တာ ဦးခင်မောင်ဆန်း၊ သရုပ်ဆောင်များအဖြစ် မျိုးနန္ဒ၊ ဝါဝါမြတ်လင်း၊ ဦးအောင်ခေတ်မင်း၊ ဦးမျိုးကို၊ ဦးမျိုးဇင်၊ ဦးဝင်းခိုင်၊ ဦးချစ်မွေး၊ဒေါ်နန်းခင်မွေး၊ ဒေါ်သန္တာ၊ ဒေါ်တင်မျိုးရီနှင့် ဇာတ်ပို့ ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဂီတမှူး အကယ်ဒမီ စိန်မွတ္တာ၊ ဝိုင်းတော်တီးရွာစား ဦးလှဝင်းဆိုင်းဝိုင်းနှင့် တွဲဖက်လျက် အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်၊အထိပါးမခံလိုသည့်စိတ်ဓာတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်မှု စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ညွှန်းဆို ဖော်ပြသည့် ဇာတ်ကွင်း ဇာတ်ကွက်တို့ဖြင့် ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၇-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း ရုပ်စုံအဖွဲ့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၅-၁၀-၂၀၀၇ (ကြာသပတေးနေ့)	ခေတ်ဟောင်း/ကာလပေါ်	ဝါသနာရှင် (ဒု) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၀-၁၅)(မ)		(စုဝေးခန်းမ)
	ကွက်စိပ်ပြိုင်ပွဲ	ညီတော်မင်းနန်ချွတ်ခန်း	၀၉၀၀	မွေးမြူရေးဆိုင်ရာဆေး
	ပြဇာတ်	**ရန်ကုန်တိုင်း ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဦးစိတ္တ၏ စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်**	၁၉၀၀	တက္ကသိုလ်(ဘွဲ့နှင်းသဘင်)
				။
				။
	အရေး(သီချင်းပြိုင်ပွဲဝင်)	အဆင့်မြင့်ပညာ	၀၉၀၀	စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ)
	မယ်ဒလင်	အခြေခံ(၁၀-၁၅)(ကျား)(မ)	၀၉၀၀	သစ်တောသုတေသန
		အခြေခံ(၅-၁၀)(ကျား)(မ)	၁၃၀၀	(စုဝေးခန်းမ)
	စောင်း	ဝါသနာရှင် (ဒု) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၅-၁၀)(ကျား)	၀၉၀၀	(စာသင်ခန်းမ)
		အဆင့်မြင့်ပညာ (ကျား)(မ)	၁၃၀၀	။
	ဆိုင်း(တစ်ဦးချင်း)	ဝါသနာရှင် (ဒု) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၅-၂၀) (မ)	၁၃၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)
		အဆင့်မြင့်(၁၀-၁၅) (မ)		

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပြဇာတ်

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၅-၁၀-၂၀၀၇	ရန်ကုန်တိုင်း
၂။	၂၇-၁၀-၂၀၀၇	ပဲခူးတိုင်း
၃။	၂၈-၁၀-၂၀၀၇	ဧရာဝတီတိုင်း

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့နံနက် ၂ နာရီ ၃၁ မိနစ် ၁၀ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၅၀၀ ခန့်ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချော သွေးထိုးသူ)များ မယုံလေနဲ့ သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့်–
အများပြည်သူ အထိတ်တလန့် ဖြစ်ကြရသည်။
မသိနားမလည်သူများ လူပေါင်းမှားပြီး ဒုက္ခရောက်ကြရသည်။
ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ထိခိုက်နစ်နာခဲ့ရသည်။
ဈေးသည်များ စိတ်ချလက်ချ ဈေးမထွက်နိုင်။
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့်–
နယ်ချဲ့ခိုင်းဖတ် ခေဖတ် ပြည်ပြေးများသာ ဒေါ်လာဝင်လမ်း ဖြောင့်ကြသည်။
အလံရှူးလုပ်သူများ ထောက်ပံ့ကြေးရနေကြသည်။
ဒုစရိုက်ကောင် တောကြောင်များ အကြိုက်တွေ့ကြသည်။
အခါပေးမီဒီယာများမှ သစ္စာဖောက်များ ဝင်ငွေကောင်းကြသည်။